မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၅၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်း

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ကြီး ဦးအောင်မင်း၊ ဝန်ကြီး ဦးဇော်မင်း၊ ဝန်ကြီး ဦးစိုးသိန်းနှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့ ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေမည့် ကြံခင်း - ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း

ကျွန်းချောင်း - ဒေါင်းသာ ရထားလမ်းပိုင်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကျွန်းချောင်း-ဒေါင်းသာ ရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းချောင်းရှိ ကျွန်းချောင်းဘူတာယာဒ်ဝင်းအတွင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်က အမှာစကားပြောကြားရာတွင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်အောင် ပုသိမ်-မုံရွာ ကားလမ်းမကြီးကို ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေး၊ ပခုက္ကူ-မုံရွာ-မန္တလေး-မြစ်ကြီးနားစသည့် ရထားလမ်းများ၊ ဆက်စပ်သွားလာနိုင်မည့် ပုသိမ်-ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ပြီးစီးပါက ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင်ရှိ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်းရှိ နယ်မြေဒေသအသီးသီးသည် မြစ်အရှေ့ဘက်ခြမ်းဒေသများနည်းတူ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် အဘက်ဘက်မှ စာမျက်နှာ ၃ ကော်လံ ၁ ●

ဒေသခံတို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးစေမည့် သုံးခွကျွန်းတာပေါင်ပတ်လမ်း

သတင်းဆောင်းပါး - ခြင်ကျား (မအူပင်) ➤ ဓာတ်ပုံ - ထွန်းထွန်းနိုင် (စည်ပင်)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

သုံးခွသည် မအူပင်မြို့နယ်အတွင်းရှိ ရွာတစ်ရွာအဖြစ် လူသိများသည်။ သုံးခွသည် မအူပင်ခရိုင် မပေါ်ပေါက်မီက ခရိုင်မြို့ဖြစ်ခဲ့ကြောင်း မအူပင်မြို့သမိုင်းကို ရှာဖွေမှသာ သိနိုင်ပါသည်။ ထို့အပြင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲပြီးစတွင် အင်္ဂလိပ်တို့ကို တော်လှန်ခဲ့သော ဗိုလ်မြတ်ထွန်းနှင့်အတူ ရဲဝံ့ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့သော သုံးခွပဲ့နင်းကြီးကိုလည်း နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းမှာ ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

အစွဲပြု

သုံးခွသည်ကား သုံးခွကျွန်းကို အစွဲပြု၍ ရွာတည်ခြင်းဖြစ်၏။ သုံးခွကျွန်းသည် အရှေ့ဘက်တွင် ကရင်ချောင်း၊ အနောက်ဘက်တွင် ပံတပွတ်ချောင်း၊ တောင်ဘက်တွင် ထရော်ချောင်း၊ မြောက်ဘက်တွင် တိုးမြစ်တို့ ဝန်းရံစီးဆင်းနေသဖြင့် ရေပတ်လည်ဝန်းရံနေသော ကျွန်းကြီးတစ်ကျွန်းကဲ့သို့ ဖြစ်လျက်ရှိ၏။ စာမျက်နှာ ၁၀ ကော်လံ ၁ *

သုံးခွကျွန်းတာပေါင်ပတ်လမ်းကို စက်ယန္တရားအင်အားဖြင့် ဖောက်လုပ်ပြုပြင်နေစဉ်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်)

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် လူတိုင်းသက်တမ်းစေ့ အသက်ရှင်နေထိုင်ရေးရည်မှန်းချက်နှင့်အညီ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရန် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြည်သူများအာဟာရဓာတ်ပြည့်ဝရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ အာဟာရဓာတ်ဖွံ့ဖြိုးမှုမြင့်မားရန်အတွက် ဗီတာမင်အစုံပါဝင်သည့် ဆေးများတိုက်ကျွေးခြင်း၊ အာဟာရဓာတ်ဖြည့်စွက်ထားသည့်အစားအစာများထုတ်လုပ်စားသုံးစေခြင်း၊ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ပညာပေးခြင်းစသည့် နည်းလမ်းအသွယ်သွယ်ကို အသုံးပြုလျက်ရှိသည်။

ကလေးငယ်များ ဗီတာမင်အေချို့တဲ့မှုအန္တရာယ်မှကင်းဝေးရန် အသက်ခြောက်လမှငါးနှစ်အောက်ကလေးများအား ခြောက်လတစ်ကြိမ် အင်အားပြည့်ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပေးလျက်ရှိသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ကျောင်းသားကျောင်းသူလူငယ်များအား ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် စာပေပညာတတ်ကျွမ်းရုံသာမက ဉာဏ်ရည်ဖွံ့ဖြိုးပြီး နိုင်ငံအကျိုးသယ်ပိုးနိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရေးအတွက်လည်း ဖြည့်ဆည်းမြှင့်တင်ပေးလျက်ရှိသည်။

ကျန်းမာကြံ့ခိုင်မှုရှိရန် မိခင်တိုင်းသည် မွေးဖွားပြီးချိန်မှစတင်ပြီး ရင်သွေးငယ်များအား ဂရုတစိုက်ပြုစုစောင့်ရှောက်ကြရမည်ဖြစ်သည်။ မိမိတို့၏ရင်သွေးငယ်လေးများအား အာဟာရစုံနှန်းပြည့်ဝသည့် မိခင်နို့ရည်ကို နည်းလမ်းမှန်မှန်ဖြင့် စနစ်တကျတိုက်ကျွေးပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။ မိခင်နို့ရည်သည် ရင်သွေးငယ်အဖို့ ရောဂါများကိုခုခံကာကွယ်နိုင်သဖြင့် အသက်အရွယ်ကြီးရင့်လာသည့်အခါ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းသူများ ဖြစ်လာစေနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ပြည်သူများသည် အစားအစာများကို အာဟာရ မျှတမှန်ကန်စွာ စားသုံးခြင်း၊ ကလေးငယ်များကိုလည်း အာဟာရမျှတမှန်ကန်စွာ ကျွေးမွေးခြင်းဖြင့် အာဟာရချို့တဲ့သောကလေးများ လျော့နည်းပပျောက်ပြီး ရောဂါဘယကင်းရှင်း၍ ကျန်းမာသန်စွမ်းသော သားကောင်းသမီးကောင်းရတနာများ ပေါ်ထွန်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာ/ဆည်မြောင်း ဝန်ကြီးဦးဌေးဦးအား ဧည့်သည်အဖွဲ့များ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား မလေးရှားနိုင်ငံ Prestige Platform Sdn. Bhd မှ Chief Operating Officer Mr. Ng. Chee Joong နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက် မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍတွင် ဆီအုန်းစိုက်ပျိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေး

အလားတူ ဝန်ကြီးဦးဌေးဦးအား Panasonic Electronic Works Co.,Ltd. မှ Director Mr.Aral Hitoshi နှင့်အဖွဲ့သည်လည်း မွန်းလွဲ ၁နာရီတွင်လာရောက်တွေ့ဆုံပြီး အထွက်နှုန်းမြင့်သော ချဉ်ပေါင်လျှော်စိုက်ပျိုးရေးနှင့် ပြည်ပဈေးကွက်ရရှိရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်နီမော်ချောင်း ဒီရေတောအတွင်း ရေငန်ပုစွန်ကျားသားပေါက်များ မျိုးစိုက်ထည့်

လောင်းလုံ ဖေဖော်ဝါရီ ၂၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သော မြန်မာ့ပင်လယ်ပြင် ရေသယံဇာတ တိုးပွားရေးနှင့် ငါးလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖေဖော်ဝါရီ ၂၁ရက် နံနက်ပိုင်းက ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကျောက်နီမော်ကျေးရွာတွင် ရေငန်ပုစွန်ကျားသားပေါက်ကောင်ရေ ၁၅ ဒသမ ၆သိန်း မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပသည်။

မျိုးစိုက်ထည့်

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်းက ရေငန်ပုစွန်ကျားသားပေါက်များကို လွှဲပြောင်းပေးအပ်ပြီး ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုးနှင့် ထားဝယ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်တို့က ရေငန်ပုစွန်ကျားသားပေါက်များ မျိုးမပြုန်းတီးစေရေးအတွက် မြန်မာ့ပင်လယ်ပြင်အတွင်း မျိုးစိုက်ထည့်ရခြင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ထားဝယ်ခရိုင်နှင့် လောင်းလုံမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ ဒေသခံရေလုပ်သားများက ကျောက်နီမော်ချောင်း ဒီရေတောအတွင်းသို့ ရေငန်ပုစွန်ကျားသားပေါက်များကို စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ဝဲပုံ)**
(ငါးလုပ်ငန်းဦးစီး)

နွားထိုးကြီးမြို့ အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

နွားထိုးကြီး ဖေဖော်ဝါရီ ၂၆

နွားထိုးကြီး အထကကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၁၉ ရက် နံနက် ၉ နာရီတွင် နွားထိုးကြီးမြို့ အထက အောင်သူရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အထက ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးရန်အောင်သန်း ဖုန်း-၀၉-၅၀၂၈၀၇၉၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၀၃၀၂၄၁၊ ဦးဇော်မင်းမြ ဖုန်း-၀၉-၅၁၃၁၃၈၅၊ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်မင်း ဖုန်း-၀၉-၈၃၀၀၈၅၆၊ ဒေါက်တာကျော်စိုးဝင်း (နှလုံးအထူးကုသမားတော်ကြီး)-ဒေါ်အေးအေးမြင့် ဖုန်း-၀၉- ၂၀၀၁၀၇၈၊ ဦးကံဆယ် ဖုန်း-၀၉-၂၀၀၉၆၃၃၊ ဒေါ်စန္ဒာမြင့် ဖုန်း-၀၉- ၅၁၅၀၇၀၀၊ ဒေါ်ဆန်းတင် ဖုန်း-၀၂-၅၃၉၆၄၊ ဒေါက်တာအေးကြည်ဖြူထွန်း ဖုန်း-၀၉-၂၂၁၀၃၂၆၊ ဦးတင့်လွင် ဖုန်း-၀၉-၂၂၁၅၅၀၇နှင့် ကိုချိုမြင့် ဖုန်း-၀၉-၅၁၅၁၅၅၇ တို့ထံသို့ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။
(ပညာရေး)

ဖေဖော်ဝါရီ၂၄ရက်က ကျင်းပသော တာမွေမြို့နယ် အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲတွင် စတုတ္ထတန်းမှ မြို့နယ်အဆင့် ဘာသာစုံ တတိယ၊ ဘာသာရပ်ထူးချွန်ဆု၊ စာစီစာကုံးနှင့် အင်္ဂလိပ်ကဗျာ ထူးချွန်ဆုများရရှိသူ မခွန်းဆင့်ဝေအား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန် ဆုချီးမြှင့်စဉ်။
(ပညာရေး)

စန္ဒာသုတစာကြည့်တိုက်အဆောက်အအုံသစ် မှော်ဘီမြို့နယ်၌ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အင်းလျှက်ကျေးရွာအုပ်စု ရေပြောကျေးရွာ စန္ဒာသုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဦးစီးမှူး ဦးဇော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူ၊ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းရွှေနှင့် ရပ်မိရပ်ဖ ဦးစောသန်းမြတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ဒုတိယဦးစီးမှူး ဦးဇော်ဝင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူတို့က အမှာစကားပြောကြားပြီး ကျေးရွာပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးစောသန်းမြက ကျေးဇူးတင်စကား ပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များလှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက သုတ ရသ စာအုပ်စာစောင် ၁၅၀၊ ဦးဝင်းဘိုကစာအုပ်စာစောင်နှင့်ငွေကျပ် ၅၀၀၀၀၊ ဦးစောသန်းမြက စာအုပ်စာစောင်နှင့် ငွေကျပ်၅၀၀၀၀၊ ဦးသန့်ဇင်က ငွေကျပ် ၃၀၀၀၀၊ ဦးစံမြင့်က ငွေကျပ် ၂၀၀၀၀၊ ကျေးရွာ အမက ကျောင်းမှဆရာမများကငွေကျပ်၃၀၀၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။
(မြို့နယ် ပြန်/ဆက်)

ဘုတ်ပြင်းမြို့နယ် အလယ်မန်ကျွန်းကျေးရွာချင်းဆက် ချောင်းကူးသစ်သားတံတားသစ် တည်ဆောက်မည့်လုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းတိုင်းတာဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

● ***ရှေ့ဖုံးမှ***

ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ပိုင်ဆိုင်လာတော့မည် ဖြစ်ကြောင်း၊ အဆိုပါ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည့် အရှည်မိုင် ၁၉ ဒသမ ၅၉ မိုင်ရှိ ကျွန်းချောင်း–ဒေါင်းသာရထား လမ်းပိုင်းသစ် ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ကာယ၊ ဉာဏဝန်ထမ်းများ၏ ဆောင်ရွက်မှု စွမ်းပကားကို မှတ်တမ်းတင်ကြောင်း၊ ဒေသခံ ပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအသုံးပြုနိုင်ရန် အရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်သွားကြရန် လိုအပ်ကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးဦးအောင်မင်းက ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက **“ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဒေသများသည် အရှေ့ဘက်ခြမ်း ဒေသနှင့် နှိုင်းယှဉ်ပါက ရေမြေသယံဇာတ မကွာခြားသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်း ဒေသရှိ စီးပွားရေး၊ လူမှုရေး အခြေအနေတန်းတူညီတူဖြစ်စေရန် လိုအပ်ကြောင်း”** လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း နယ်မြေအသီးသီးသို့ ကားဖြင့် ဆက်စပ်သွားနိုင်သည့် ပုသိမ်–မုံရွာ ကားလမ်းမကြီး ဖောက်လုပ်ပေးခဲ့သည့်အပြင် ယခင်က ပုသိမ်မှ ကြံခင်းအထိသာရှိသည့် မီးရထားလမ်းကို ဧရာဝတီမြစ် အနောက်ဘက်ခြမ်း၏ အဓိက ရထားလမ်းမကြီးအဖြစ် ပေါ်ထွန်းလာမည့် အရှည်မိုင် ၃၂၀ ရှိ ကြံခင်း–ပခုက္ကူ မီးရထားလမ်းမကြီးကို အပိုင်းလိုက် ဖောက်လုပ်ဖွင့်လှစ်ပေးလျက်ရှိရာ ကျွန်းချောင်း–ဒေါင်းသာ အရှည်မိုင် ၁၉ ဒသမ ၅၉မိုင်ရှိ ရထားလမ်းသစ်ဖွင့်ပွဲသည် (၁၀)ကြိမ်မြောက် ဖွင့်ပွဲဖြစ်ပြီး ပွင့်ဖြူ–ဆင်ဖြူကျွန်း အပိုင်းဖောက်လုပ်ပြီးစီးပါက ပုသိမ်မှ ပခုက္ကူအထိ ရထားတောက်လျှောက် ပြေးဆွဲပေးနိုင်တော့မည် ဖြစ်ကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် ပြည်ထောင်စုအတွင်း တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်မှုစရိတ် သက်သာ၍ လွယ်ကူသွားလာနိုင်ရေးအတွက် မူလရှိပြီး ရထားလမ်းများနှင့် ဆက်စပ်ပြီး အမျိုးသားမီးရထားကွန်ရက် (National Railway Network) အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ယနေ့ဆိုလျှင် မိုးများပြီး မြစ်ချောင်းပေါ်များသည့် ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းတို့ ဆက်သွယ်နိုင်မည့် အရှည် ၂၅၇ မိုင်ရှိ မင်းဘူး–အမ်း–စစ်တွေ ရထားလမ်းမကြီးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး နယ်မြေများကို ဖြတ်ကျော်၍ မြန်မာနိုင်ငံတစ်နံတစ်လျား အရှေ့အနောက် တောင်မြောက် ဝဲ/ယာ ဆက်သွယ်သွားလာနိုင်မည့် ရထားလမ်းများကို အပိုင်းလိုက် ဖောက်လုပ်ကာ ပြီးစီးသမျှလမ်းပိုင်းများကို လစဉ်နီးပါး ဖွင့်လှစ်ပေးနေကြောင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက် ကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းစသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်စေရေးသာမက လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေး အခန်းကဏ္ဍတွင် နိုင်ငံနှင့် ပြည်သူအကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးလွင် ကျွန်းချောင်း–ဒေါင်းသာ ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဦးအောင်မင်း ကျွန်းချောင်း–ဒေါင်းသာ ရထားလမ်းပိုင်း ဖွင့်ပွဲအထူးရထားဖြင့် စီးနင်းလိုက်ပါကြမည့် ဒေသခံပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျွန်းချောင်း–ဒေါင်းသာ ရထားလမ်းပိုင်း ဖောက်လုပ် ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ကြီးဦးအောင်မင်း၊ ဝန်ကြီးဦးဇော်မင်း၊ဝန်ကြီးဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့က ကျွန်းချောင်း–ဒေါင်းသာ ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်က အထိမ်းအမှတ်မော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဖွင့်ပွဲအထူးရထားကို အမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး ဖွင့်ပွဲအထူးရထားဖြင့် စီးနင်းလိုက်ပါကြမည့် ဒေသခံပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ကျွန်းချောင်း–ဒေါင်းသာ ရထားလမ်းပိုင်းတစ်လျှောက် ရထားပြေးဆွဲခုတ်မောင်းမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

အောင်မြင်စွာဆောင်ရွက်

ယနေ့ဖွင့်လှစ်သည့် အရှည်မိုင် ၁၉ ဒသမ ၅၉ မိုင်ရှိ ကျွန်းချောင်း–ဒေါင်းသာ ရထားလမ်းပိုင်းသည် တောင်မြောက် သွယ်တန်းတည်ရှိနေသည့် တန့်ကြည်တောင်အား အရှေ့မှ အနောက်သို့ ကန့်လန့်ဖြတ်လျက် ဖောက်လုပ်ကာ နည်းပညာစိန်ခေါ်မှုတစ်ရပ်ကို မြန်မာ့မီးရထား အင်ဂျင်နီယာများက အောင်မြင်စွာဆောင်ရွက်နိုင်သည့် ကြံခင်း–ပခုက္ကူရထားလမ်းတွင် (၁၀)ကြိမ်မြောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည့် လမ်းပိုင်းတစ်ခုဖြစ်ပြီး ပွင့်ဖြူ–ဆင်ဖြူကျွန်းအပိုင်း ဖောက်လုပ်ပြီးစီးပါက ပုသိမ်မှ ပခုက္ကူအထိ ရထားတောက်လျှောက် ပြေးဆွဲပေးနိုင်တော့မည်ဖြစ်သည်။

ကျွန်းချောင်း–ဒေါင်းသာရထားလမ်းပိုင်း ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၆ရက်တွင် စတင် ဖောက်လုပ်ခဲ့ပြီး

စာမျက်နှာ ၈ ကော်လံ ၃ သို့

ကြံခင်း–ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ကျွန်းချောင်း–ဒေါင်းသာ ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

တီဘီရောဂါကာကွယ်ရေးနှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေ ကိုးသန်းခန့် ဖြစ်ပွားနေပြီး ၁ ဒသမ ၇သန်းခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀တွင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တီဘီရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ် အဖြစ်တည်ရှိနေဆဲဖြစ်ပြီး အမျိုးသားကျန်းမာရေးစီမံကိန်းတွင် အဓိကဦးစားပေး တိုက်ဖျက်ရမည့် ရောဂါအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(၁) ချောင်းနှစ်ပတ်နှင့်အထက်ဆိုးပါက တီဘီရောဂါရှိ၊ မရှိ စစ်ဆေးပါ။
(၂) ရောဂါတွေ့ရှိပါက အစွမ်းထက်သော တီဘီဆေးများဖြင့် ရောဂါပျောက်ကင်းသည်အထိ ကျန်းမာရေးဌာနများမှ **(အခမဲ့)** ကုသပေးလျက်ရှိပါသည်။
(၃) တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျ ဆေးသောက်ပါက ရောဂါပျောက်ကင်းမည် ဖြစ်ပါသည်။
(၄) တီဘီလူနာများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

တောင်ကိုရီးယား၌ ကြက်ငှက်တုပ်ကွေးရောဂါတွေ့

ဆိုးလ် ဖေဖော်ဝါရီ ၂၆

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်အနီး မွေးမြူရေးခြံတစ်ခြံ(**အပေါ်ပုံ**)၌ ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံတွေ့ရှိကြောင်း ဖေဖော်ဝါရီ ၂၄ရက်တွင် အတည်ပြုကြေညာသည်။

ကြေညာ

ဆိုးလ်မြို့အရှေ့တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့်ရှိ ကြက်ခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) ဖြစ်ပွားသည်ကို တွေ့ရှိရသည်ဟု တောင်ကိုရီးယား စားနပ်ရိက္ခာ၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်း ဝန်ကြီးဌာနက ကြေညာသည်။

ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်စေရန် ကြက်ကောင်ရေ ၃၀၀၀၀ ခန့်ကို သုတ်သင်ပစ်လိုက်ရကြောင်း ဝန်ကြီးဌာနကကြေညာထားသည်။(**အင်တာနက်**)

ပါကစ္စတန်၌ နေတိုးလောင်စာဆီတင်ကား အစီး၄၀ တိုက်ခိုက်ခံရ အနည်းဆုံး လူ ကိုးဦးသေဆုံး၊ ဒဏ်ရာရသူ လေးဦးရှိ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့တွင် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များထံ လောင်စာဆီပို့သည့် နေတိုးအဖွဲ့ပိုင်လောင်စာဆီတင်ကား အစီး၄၀ကို သေနတ်သမားများက တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူရှစ်ဦး သေဆုံးခဲ့သည်။ (**ယာပုံ**)

ပက်ရှ်ဝါမြို့ ရင်းရှုတ်ဒေသနှစ်နေရာတွင် ဖေဖော်ဝါရီ ၂၄ရက်ညက အမည်မသိ လက်နက်ကိုင်များက တိုက်ခိုက်စဉ် ရှစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားသည်။တိုက်ခိုက်ခံရသော လောင်စာဆီတင်ကား အစီး ၄၀ အနက် ၁၆ စီးမှာ လုံးဝမီးလောင်ပျက်စီးသွားသည်။

တိုက်ခိုက်သူများ ထွက်ပြေးလွတ်မြောက်သွားပြီး မီးငြိမ်းသတ်ရန် ရဲတပ်ဖွဲ့နှင့်ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရောက်လာကြသည်။ ယင်းနေ့တစ်နေ့တည်းတွင်ပင် ဘလူချီစတန်ပြည်နယ် ဘိုလန်ခရိုင်ဒါဒါ၌ နေတိုးလောင်စာတင်ကားနှစ်စီးကို လက်နက်ကိုင်များက တိုက်ခိုက်ခဲ့သည်။ ထို့ပြင် ဘလူချီစတန်ပြည်နယ် ခတ်ဒါခရိုင် ဝါးဒေသ၌လည်း နေတိုးကုန်တင်ကားတစ်စီးကို လက်နက်ကိုင်များက သေနတ်ဖြင့်ပစ်သဖြင့် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားသည်။ (**အင်တာနက်**)

အန္တာတိကရေပြင်၌ နော်ဝေရွက်လှေပျောက်ဆုံး

မော်စကို ဖေဖော်ဝါရီ ၂၆

အန္တာတိကရေပြင်၌ သုတေသနပြုနေသည့် လူသုံးဦးပါရှိသော နော်ဝေရွက်လှေတစ်စင်း ရွက်လွှင့်ခရီးသွားစဉ် ပျောက်ဆုံးသွားကြောင်း ကယ်ဆယ်ရေးအဖွဲ့က ဖေဖော်ဝါရီ ၂၆ရက်၌ ပြောကြားသည်။

နော်ဝေနိုင်ငံသားနှစ်ဦးနှင့် ဗြိတိန်နိုင်ငံသားတစ်ဦးပါရှိသော ၎င်းရွက်လှေသည် မုန်တိုင်းမိပြီး ပင်လယ်ပြင်၌ ပျောက်ဆုံးခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ ယခုသီတင်းပတ်အစောပိုင်းက အရေးပေါ်သတင်းပေးပို့မှုတစ်ရပ်ကို လက်ခံရရှိခဲ့ကြောင်း နော်ဝေနိုင်ငံပင်လယ်ရေကြောင်းဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

ယခုအခါ ကယ်ဆယ်ရေးအဖွဲ့ကိုစေလွှတ်ပြီး စတုရန်းမိုင် ၁၅၀၀ခန့် ရေပြင်ဧရိယာအတွင်းတွင် ရှာဖွေမှုများပြုလုပ်နေကြောင်း၊ ယခုအချိန်အထိ မတွေ့ရှိသေးကြောင်း ၎င်းတို့က ပြောကြားသည်။ (အင်တာနက်)

အီရတ်မှ အယ်လ်ခိုင်ဒါခေါင်းဆောင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်သဖြင့် သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၆

အီရတ်နိုင်ငံအတွင်း အယ်လ်ခိုင်ဒါအဖွဲ့၏ စစ်ရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဘူဆလေမန်ကို မိမိတို့တပ်ဖွဲ့ဝင်များက တိုက်ခိုက်သဖြင့် သေဆုံးသွားပြီဖြစ်ကြောင်း အီရတ်လုံခြုံရေးတပ်ဖွဲ့က ကြေညာသည်။

အဖွဲ့ခွဲတစ်ခုဖြစ်

နော်မန်ဆာလ်မန်ဟု လူသိများသည့် အယ်နာဆာလီဒင်အလာအဘူဆလေမန်မှာ အယ်လ်ခိုင်ဒါ အဖွဲ့ခွဲတစ်ခု၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။

အဘူဆလေမန်ကို ဘဂ္ဂဒက်မြို့တော်အနောက်ဘက်ရှိ ဟစ်မြို့အတွင်းတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထောက်လှမ်းရေးသတင်းအရ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ရာ၌ အဘူဆလေမန် သေဆုံးသွားခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်အယ်မူဆာဝီက ရိုက်တာသို့ပြောကြားသည်။ (**အင်တာနက်**)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

◆◆◆ မိုးမြင့်လင်းလက် - ရေးသားသည် ◆◆◆

ဖိလစ်ပိုင်တောင်ပိုင်း၌ ကူးတို့ယာဉ်နစ်မြုပ်

မနီလာ ဖေဖော်ဝါရီ ၂၆

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ဖေဖော်ဝါရီ၂၅ရက်က ခရီးသည်တင် ကူးတို့ယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ တစ်ဦးသေဆုံးပြီး ကျန် ၁၄ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင် ရဲတပ်ဖွဲ့က ပြောကြားသည်။



ကူးတို့ယာဉ်နစ်မြုပ်မှုမှာ ဘူရန်ကာအင်မြို့မှ ၁၀မိုင်ခန့်အကွာတွင်ရှိသည့် မြစ်အတွင်း ခုတ်မောင်းဖြတ်သန်းစဉ် လေပြင်းတိုက်ခတ်မှုနှင့် ရေလှိုင်းကြီးများ ဖြစ်ပေါ်ရိုက်ခတ်မှုကြောင့် ၎င်းကူးတို့ရေယာဉ်နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အဂရီမီရီခရစ်ဂျာက ပြောကြားသည်။ (**အပေါ်ပုံ**)

၎င်းကူးတို့ယာဉ်သည် ခရီးသည် ငါးဦးနှင့် ရေယာဉ်ဝန်ထမ်း ၁၀ဦးအားတင်ဆောင်မောင်းနှင်လာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရရှိသောခရီးသည်များကို ဆီမီရာရာရှုရယ်ဆေးရုံသို့ ဆေးကုသစောင့်ရှောက်မှုခံယူရန် တင်ပို့ထားကြောင်း သိရသည်။(**အင်တာနက်**)

အိန္ဒိယ၌ ကိုယ်ဝန်ဆောင် ၁၃ ဦးသေဆုံးမှု စုံစမ်းစစ်ဆေး

နယူးဒေလီ ဖေဖော်ဝါရီ ၂၆

အိန္ဒိယနိုင်ငံ ရာဂျက်စသန်ပြည်နယ် ဆေးရုံတစ်ရုံ၌ အကြောဆေးသွင်းပြီးနောက် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၃ဦး သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်ပြီး ကျန်းမာရေးအရာရှိများက စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်း ဖေဖော်ဝါရီ ၂၆ရက်က သတင်းထုတ်ပြန်သည်။

အခင်းဖြစ်ပွားမှုမှာ ဂျိုပူရာမြို့ဆေးရုံတွင် လွန်ခဲ့သည့် ၁၀ရက်ခန့်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဓာတ်ခွဲစစ်ဆေးမှုများအရ ပြည်တွင်းဆေးဝါးကုမ္ပဏီတစ်ခုမှ ဆေးရုံသို့ပေးသွင်းသော ဆေးဝါးကြောင့်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

၎င်းကုမ္ပဏီမှ အကြောဆေးများကို အသုံးပြုခဲ့သည့် ကိုယ်ဝန်ဆောင်မိခင်များ ရုတ်တရက် နာမကျန်းဖြစ်ကာ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဆေးရုံအရာရှိတစ်ဦးက ပြောကြားသည်။

ရဲတပ်ဖွဲ့က အဆိုပါဆေးဝါးကုမ္ပဏီအား စစ်ဆေးမှုများပြုလုပ်နေပြီဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် မိခင်လောင်းများ သေဆုံးမှုဦးရေများသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ (**အင်တာနက်**)

စပိန်နိုင်ငံ မက်ဒရစ်မြို့အနီး၌ ပေါက်ကွဲမှုဖြစ်ပွား ငါးဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

မက်ဒရစ် ဖေဖော်ဝါရီ ၂၆

စပိန်နိုင်ငံမြို့တော် မက်ဒရစ်အနီး စစ်အခြေစိုက်စခန်းတစ်ခုရှိ အဆောက်အအုံတစ်ခုတွင် ဖေဖော်ဝါရီ ၂၆ရက်က ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ (**အောက်ပုံ**) ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ပေါက်ကွဲမှုဖြစ်ပွား

ဖြစ်ပွားမှုမှာ မက်ဒရစ်မြို့မှ ၂၁ မိုင်ခန့်အကွာ ဟိုလိုဒီမန်ဇာနာရက်စ်မြို့ရှိ စစ်ဘက်ဆိုင်ရာအဆောက်အအုံတစ်ခုတွင် မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖယ်ရှားသည့်နေရာ

၎င်းအခြေစိုက်စခန်းအဆောက်အအုံမှာ နိုင်ငံတကာမှရရှိသော မိုင်းအစိတ်အပိုင်းများထားရှိရာ နေရာဖြစ်ပြီး ဒေသအတွင်းတပ်ဖွဲ့ဝင်များက မိုင်းများဖယ်ရှားရာတွင် တွေ့ရှိသော မိုင်းအစိတ်အပိုင်းများကို ထိန်းသိမ်းထားရှိသည့်နေရာလည်းဖြစ်သည်။ ယင်းပေါက်ကွဲမှုဖြစ်ပွားခြင်းကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ဒဏ်ရာရရှိသူများကို မက်ဒရစ်မြို့ရှိ ရိုတက်ဇ်လူလာ စစ်ဘက်ဆိုင်ရာဆေးရုံသို့ တင်ပို့ပေးထားကြောင်း သတင်း၌ ဖော်ပြသည်။ (**အင်တာနက်**)

အထွေထွေဘဏ်လုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များ ကြီးကြပ်ရေးကော်မတီက ဦးစီးဖွင့်လှစ်သည့် အထွေထွေဘဏ် လုပ်ငန်း သင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံဘဏ်များ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေက အမှာစကားပြောကြားပြီး သင်တန်း၌ ထူးချွန်စွာအောင်မြင်ကြသူများအားဆုများချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကိုကိုအောင်က သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းပို့ချပေးသော ဆရာ ဆရာမများ၊ Seminar ဟောပြောပို့ချပေးသော ဝါရင့်ဆရာကြီးများနှင့် သင်တန်းဖြစ်မြောက်ရေး ကူညီဆောင်ရွက်ပေးကြသူများအားဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

၁၀ ပတ်ကြာမြင့်

အဆိုပါသင်တန်းသို့ နိုင်ငံပိုင်ဘဏ်များမှ သင်တန်းသား ၁၀ ဦးနှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား ၅၁ ဦးစုစုပေါင်း ၆၁ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လှိုင်မြို့နယ်၌ ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေသည် ဖေဖော်ဝါရီ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ခန်းမဆောင်၌ International Beverages Trading Co., Ltd. မှ ယာဉ်မောင်း ၅၅ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလမ်းညွှန် လမ်းအမှတ်အသားများနှင့် အချက်ပြဆိုင်ရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ကညန)**

မင်းကင်းမြို့နယ်၌ အလယ်တန်းကျောင်းဖွင့်

မင်းကင်း ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီးမင်းကင်းမြို့နယ် တောင်တွင်းဒေသ ဝင်ဝကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပရာ အလယ်တန်း ကျောင်းဆိုင်းဘုတ်ကို မြို့နယ်ပညာရေးမှူး ဦးဟန်ငွေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဦးထွန်းဝေနှင့် ရပ်မိရပ်ဖ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလတ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

လှူဒါန်း

ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလတ်၊ မြို့နယ်ပညာရေးမှူး ဦးဟန်ငွေတို့က အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြလှိုင်က ပညာရေးဆိုင်ရာနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းရွှေက ကျောင်းသမိုင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလံများကိုသက်ဆိုင်ရာဌာနများသို့ ပေးအပ်သည်။ ကျောင်းငွေပဒေသာပင်အတွက် မြို့နယ်ဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများက အလှူငွေကျပ် ၃၆၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ဝ၃၃)

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဟောပြောပွဲကျင်းပ

ဆားလင်းကြီး ဖေဖော်ဝါရီ ၂၆

ဆားလင်းကြီးမြို့နယ် သောင်ပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ဟောပြောပွဲကျင်းပရာ ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အကြောင်းသိကောင်းစရာများကိုလည်းကောင်း၊မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါ်မော်တူးက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများအကြောင်းကို လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်မော်မော်အောင်က ကျောင်းကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်ခြင်းကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးကချို့တဲ့သည့်ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာ၊ ဗလာစာအုပ်နှင့် စာစောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှားခဲတိုက်နယ် စာကြည့်တိုက်ဖွင့်ပွဲ

ဟသ်ာတမြို့နယ် ရှားခဲကျေးရွာ၌ ကျင်းပ

ဟသ်ာတ ဖေဖော်ဝါရီ ၂၆

ဟသ်ာတမြို့နယ် ရှားခဲကျေးရွာ၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀နာရီက ရှားခဲတိုက်နယ် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဝေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးဝင်းရှိန်၊ ရှားခဲကျေးရွာဥက္ကဋ္ဌ ဦးမျိုးဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌဦးလှဝေက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးဝင်းရှိန်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ အလှူရှင်များက ဆိုလာတစ်စုံ၊ ရေဒီယိုကက်ဆက် တစ်လုံးနှင့် ဦးမြင့်-ဒေါ်ခင်ခင်(ဖူဂျီ)ဓာတ်ပုံဆိုင်က ပေ(၃၀×၆၀)အကျယ်ရှိ စာကြည့်တိုက်မြေနေရာကို လှူဒါန်းသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်လဲ့လဲ့အေး၊ အရန်မီးသတ်တပ်ဖွဲ့၊ မဲဂရက်ကျေးရွာမှ ဦးမြင့်ဆွေ၊ ဦးခင်ဦး၊ ဦးကျော်ရင်၊ ဦးသောင်းရှိန်၊ ဦးလှမိုးတို့က ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များလှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုအလံများ ပေးအပ်ခဲ့သည်။ ထိုစာကြည့်တိုက်သည် (၂၄×၂၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်နှင့် သမံတလင်းခင်းဖြစ်ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ဇလွန်မြို့နယ် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွန်ကရစ်ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း၊ စက်ရေတွင်းတူးခြင်းလုပ်ငန်းနှင့် ဈေးသန့်ရှင်းရေးဆောင်ရွက်ထားမှုကို ဖေဖော်ဝါရီ ၈ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ထန်းတပင်မြို့ ဈေးမီးဘေးလုံခြုံရေးအတွက် ရေကန်ရေဖြည့်ထားမှုကို ဖေဖော်ဝါရီ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းအောင် နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းတို့ ရှင်းလင်းတင်ပြစဉ်။ (၁၈၃)

ကွတ်ခိုင်မြို့နယ် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိမှုနှင့် ဆိုင်ခန်းမီးဘေးလုံခြုံရေး မီးများခွဲခြား ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (ဝ၆၆)

တာချီလိတ်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်ခေါင်းဆောင်သောအဖွဲ့ ဖေဖော်ဝါရီ ၂၃ ရက်က မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို စစ်ဆေးစဉ်။ (ဝ၆ဝ)

သာစည်မြို့နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ မန်နေဂျာ ဦးသန်းမြင့်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၅ ရက်က မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ကြစဉ်။ (ဝ၉၄)

စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများသည် ဖြေဆိုနေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ **(ယာပုံ)**

ဆက်ကပ်

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၄ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မာရုံ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ရဲမွန်တပ်မြို့ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ လားရှိုးမြို့နယ် လွယ်လွှမ်ကျေးရွာ၌ ကျင်းပ

လားရှိုး ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် လားရှိုးမြို့နယ် နောင်ဖော့ကျေးရွာအုပ်စု လွယ်လွှမ်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဆန်ကြာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

လက်ခံ

ဆက်လက်၍ စာကြည့်တိုက်အတွက် နိုင်ငံတော်မတည်ငွေ ကျပ် ၁၀ သိန်းကို ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းကလည်းကောင်း၊ စေတနာရှင်ပြည်သူများက ကူညီပံ့ပိုးလှူဒါန်းသော ၂၁လက်မတီဗွီတစ်လုံး၊ EVDစက် တစ်လုံး၊ ရေဒီယိုတစ်လုံးတို့ကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အလှူငွေကျပ် တစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းတို့ကလည်းကောင်း လက်ခံယူသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခေးနင်းကျေးရွာဥက္ကဋ္ဌတို့က အလှူငွေကျပ်နှစ်သောင်းစီ၊ အလှူရှင်တစ်ဦးက မီးစက်တစ်လုံး၊ ဦးခင်မောင်စီ(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေး)၊ ဦးဇော်လွင်(တာဝန်ခံအရာရှိ ကိုယ်ပွားသတင်းစာတိုက်)၊ ဒေါ်နန်းငွေလှ (အိမ်တွင်းမှုကျောင်းအုပ်ကြီး)နှင့် မယ်ဟန်ကျေးရွာဥက္ကဋ္ဌတို့ကအလှူငွေကျပ်တစ်သောင်းစီ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်မူက အလှူငွေကျပ်နှစ်သောင်းနှင့် မဂ္ဂဇင်းစာစောင် အုပ်ရေ ၅၀၊ အကောက်ခွန်ဦးစီးဌာနမှ ဂျာနယ်မျိုးစုံ ၁၇၇အုပ်၊ သူနာပြုသင်တန်းကျောင်းအုပ်ဆရာမကြီးဒေါ်နန်းကြာယုံ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လက်ခံယူကြသည်။

အဆောက်အအုံ

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်သည် အလျား ၂၄ပေ၊ အနံ ၁၄ပေ၊ အမြင့် ၁၂ ပေရှိပြီး အင်္ဂတေခင်း၊ သွပ်မိုးနှင့် အုတ်ပတ်ကား အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမက(၆)တာမွေ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသူမရွှေစင်ဖူးပွင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်စန်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲ ကျောက်တံခါးမြို့နယ်၌ ကျင်းပ

ကျောက်တံခါး ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ဦးစံကျော်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီက အဆိုပါလမ်းဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ အခမ်းအနားတွင် ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်က ကျောက်တံခါးမြို့ ဦးစံကျော်လမ်း ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကတ္တရာထပ်ပိုးလွှာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အမှုဆောင်အရာရှိ ဦးမြင့်လွင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြို့ပြလမ်းမှာ လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ပေရှိပြီး လမ်းကို ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၈၂ဒသမ၂သိန်းဖြင့် ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာချင်းဆက်လမ်းခင်း

ကနီ ဖေဖော်ဝါရီ ၂၆

ကနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ရွှေဝါလမ်း ကျောက်ချောဂျင်းမြေခင်းခြင်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာ၌ အရှည် ပေ၂၂၅၀၊ အကျယ် ၁၂ ပေရှိ ဇင်ချောင်း-ကင်းမြောက် ရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၇ ရက်က တာဝန်ခံအင်ဂျင်နီယာဦးညီညီဆွေ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် တိုင်းရင်းဆေးကုဌာန ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းဟန် ခေါင်းဆောင်သော ဆရာ ဆရာမများအဖွဲ့ဖေဖော်ဝါရီ၁၈ရက်က မင်းဘူးမြို့ စက္ကိန်းတဲ(အမက) စာသင်ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၈၇ဦးအား ကျန်းမာရေး စစ်ဆေးပြီး တိုင်းရင်းဆေးဝါးများဖြင့် ကွင်းဆင်းဆေးကုသစဉ်။ (ခရိုင် ပြန်/ဆက်)

စောင့်ကြည့်သတင်းဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

လူထက်ကြီးသော အရှည် ၁၂ ပေရှိ ဧရာမ ငါးကြီးတစ်ကောင်ဖမ်းမိ၊ အလောင်းတော်ကဿပလိုဏ်ဂူ ကျောက်တံခါး တပို့တွဲလပြည့်နေ့က သုံးကြိမ်တိုင်တိုင်ပွင့်ခဲ့စဉ် ဘာတွေဖြစ်ခဲ့သလဲ၊ မန္တလေးရှိ ဆိုင်ကယ်တက္ကစီများကို တရားဝင်အသိအမှတ်ပြုပြီ၊ ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ၏ လတ်တလောအခြေအနေ၊ အိန္ဒိယနှင့် မြန်မာဆေးဝါးနည်းပညာ ပိုမိုပူးပေါင်းလာ၊ Toll-Gate ရှောင်မောင်းသည့် ကုန်တင်ကားများ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်းများကို ဖြတ်သန်းခွင့်မပြု၊ စက်သုံးဆီဆိုင်(ဓာတ်ဆီဆိုင်)မရှိသောမြို့များ ဆီဆိုင်ဖွင့်လိုလျှင် လျှောက်ထားနိုင်၊ မြန်မာလူငယ်အမျိုးသမီးလက်ဝှေ့သမားနှစ်ဦး ကမ္ဘာ့လက်ဝှေ့ပြိုင်ပွဲသို့ ပထမဆုံးအကြိမ်သွားမည်၊ ဖက်တီး(ဝဖြိုး) ကလေးငယ်များ မောင်မယ်ယှဉ်ပြိုင်ပွဲတစ်ရပ်ကျင်းပမည်၊ အင်္ဂလန်သို့ မြန်မာ့ဟင်းသီးဟင်းရွက်တင်ပို့၊ မလေးရှားမှ စားအုန်းဆီ တိုက်ရိုက်သွင်းရန်ရှိ၊ မြို့ပတ်ရထားကို တစ်နေ့လူတစ်သိန်းနီးပါး စီးနေကြသည့် အကြောင်း၊ ကား၊ ရထား၊ သင်္ဘောများပေါ်တွင် တီဗွီ၊ အင်တာနက်၊ တယ်လီဖုန်းများ အသုံးပြုနိုင်တော့မည်။

ထောက်ကြန့်-ပဲခူးလမ်းပေါ်ရှိ တန်ပိုစစ်ဆေးရေးတာဝန်ကို မက်စ်မြန်မာကုမ္ပဏီမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ တာဝန်လွှဲပြောင်းပေး၊ ယခု လက်တလော အိမ်၊ ခြံ၊ မြေ လူတွေစိတ်ဝင်စား၊ နေပြည်တော်-ပျဉ်းမနား လမ်းဘေးဝဲယာများတွင် အာစီနှစ်ထပ်မှ လေးထပ်တိုက်အထိ ဆောက်ရန်ခွင့်ပြု၊ ကိုရီးယားသရုပ်ဆောင်ပတ်ယိုချန်နှင့် တွဲဖက်သရုပ်ဆောင်ထားတဲ့ ပတ်မင်ယောင်ရဲ့ အင်တာဗျူး စသည့် ပြည်တွင်းပြည်ပသတင်းများနှင့် အတူ News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ(၆)၊ အမှတ် (၃၃) ထွက်ရှိပြီ ဖြစ်သည်။ ***(သတင်းစဉ်)***

တိုင်းဒေသကြီးနှင့် ပြည်နယ်

စက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) စက်ဘီးစီးအားကစားလေ့ကျင့်ရေးကွင်း၌ ကျင်းပသော ၂၀၁၁ခုနှစ် (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် စက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဆုချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဗိုလ်လုပွဲများကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရိုးရိုးစက်ဘီးစီး အမျိုးသမီး မီတာ ၃၀၀၀ အမီလိုက်ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းဒေသကြီး အသင်းတို့အား လည်းကောင်း၊ ပြိုင်စက်ဘီးစီး အမျိုးသား မီတာ ၄၀၀၀ အမီလိုက်ပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းတို့အား လည်းကောင်း မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အကောင်းဆုံးကစားသမားဆု

ထို့နောက် အမျိုးသား ရိုးရိုးစက်ဘီးစီးပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ မြတ်မင်းထွန်း(မကွေးတိုင်းဒေသကြီးအသင်း)၊ အမျိုးသားပြိုင်စက်ဘီးစီးပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ဖြိုးဝေဇင် (တနင်္သာရီတိုင်းဒေသကြီးအသင်း)၊ အမျိုးသမီး ရိုးရိုးစက်ဘီးစီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ လွင်လွင်အေး(မန္တလေးတိုင်းဒေသကြီးအသင်း)နှင့် အမျိုးသမီးပြိုင်စက်ဘီးစီးပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရနော်ဖောခူခူဆဲ(မန္တလေးတိုင်းဒေသကြီးအသင်း)တို့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ဆုဖလား၊ ငွေကျပ်တစ်သိန်းနှင့် မောင်မြန်မာစက်ဘီးတစ်စီးစီတို့ကိုပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် စက်ဘီးစီးပြိုင်ပွဲ အမျိုးသားအသင်းလိုက် တံခွန်စိုက်ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တံခွန်စိုက်ဒိုင်း

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အမျိုးသမီး ရိုးရိုးစက်ဘီးစီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသား ရိုးရိုးစက်ဘီးစီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့်ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားအသင်းလိုက် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းတို့အား တံခွန်စိုက်ဒိုင်း၊ဆင့်ပွားဒိုင်းနှင့် ငွေသားဆု ငွေကျပ်ခြောက်သိန်းစီတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသားအသင်းလိုက် တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းအား ဆုငွေကျပ် ခြောက်သိန်း၊ ဒုတိယဆုရ မွန်ပြည်နယ်အသင်းအား ဆုငွေကျပ် ငါးသိန်းနှင့် တတိယဆုရ မကွေးတိုင်း ဒေသကြီးအသင်းအား ဆုငွေကျပ် လေးသိန်းကိုလည်းကောင်း၊ အမျိုးသမီးအသင်းလိုက် တံခွန်စိုက် ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်း ဒေသကြီးအသင်းအား ဆုငွေကျပ် ခြောက်သိန်း၊ဒုတိယဆုရစစ်ကိုင်းတိုင်း ဒေသကြီး အသင်းအား ဆုငွေကျပ် ငါးသိန်းနှင့် တတိယဆုရ ရန်ကုန်တိုင်း ဒေသကြီးအသင်းအား ဆုငွေကျပ် လေးသိန်းတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တံတားမြို့ အထက

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကျောက်တန်းမြို့နယ် တံတားမြို့ အထကတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများက ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် တံတားမြို့ အထကကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုပါက ကိုထွန်းလှိုင် ဖုန်း-၀၉-၈၆၄၀၆၇၈၊ မဝင်းမြင့် ဖုန်း-၀၉-၅၁၃၂၆၁၃၊ ကိုစန်းနိုင် ဖုန်း-၀၉-၈၀၂၅၁၇၇၊ ကိုဖေသန်းမောင် ဖုန်း-၀၉-၇၃၀-၁၁၀၉၃၊ ကိုတင်မောင်ဝင်း ဖုန်း-၀၁-၅၅၃၃၉၅၊ ကိုကျော်ညီလွင် (နေပြည်တော်) ဖုန်း-၀၉-၈၃၀၀၄၀၇၊ မစန်းစန်းနွယ် ဖုန်း-၀၉-၅၁၆၀၁၈၅နှင့် မခင်ငွေ ဖုန်း-၀၉-၅၁၄၃၃၈၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကျောင်းကုန်းမြို့ မြို့မဈေး၌ ဂါလန် ၁၆၀၀ ဆံ့ အမြင့်တင် ကွန်ကရစ်ရေစင်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် မြို့မဈေးကော်မတီဥက္ကဋ္ဌ ဦးဒီတိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး

တိုက်ကြီး၌ မြေတိုင်းတာခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန(ရုံးချုပ်)မှ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံညွှန်ကြားရေးမှူး ဦးသန်းသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးအောင်သန်းလွင်၊ လယ်ယာသန်းခေါင်စာရင်း စီမံကိန်းဗဟိုရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးတို့ ပါဝင်သောအဖွဲ့ဝင်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာနရှိ မြေစာရင်းဝန်ထမ်းများ (စာရင်းကောက်များနှင့် ကြီးကြပ်စစ်ဆေးသူများ)နှင့်တွေ့ဆုံ၍ ၂၀၁၀ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင်ပါဝင်သော နောက်ဆက်တွဲစာရင်းကောက်ယူခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

တိုင်းတာပြီးစီးမှု စစ်ဆေး

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံသည် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနက မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေးလုပ်ငန်းအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တိုက်ကြီးမြို့နယ်အတွင်း ကွင်းပေါင်း ၁၀ ကွင်း တိုင်းတာပြီးစီးမှုအခြေအနေများကို စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြေစာရင်းဦးစီး)

ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်

စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာ၌ဖွင့်

စစ်တွေ ဖေဖော်ဝါရီ ၂၆

စစ်တွေခရိုင် စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာ ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဆွေ၊ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မြသန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးဦးသိန်းတန်အောင်နှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဆွေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးမြင့်ဆွေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးငွေစန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး ပန်းတနော်၌ သင်တန်းဖွင့်

ပန်းတနော် ဖေဖော်ဝါရီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲနှင့် စာရင်းကောက် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉နာရီက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြဦးက အမှာစကားပြောကြားပြီး ၂၀၁၀ လယ်ယာသန်းခေါင်စာရင်း ကောက်ယူမည့် သင်တန်းနှင့်ပတ်သက်သည့် လုပ်ငန်းများကို မြို့နယ်မြေစာရင်းဦးစီး အရာရှိ ဦးကိုကိုအောင်က ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပန်းတနော်မြို့နယ်မြေစာရင်းဦးစီးဌာနမှသင်တန်းသားဦးရေ ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(မြေစာရင်းဦးစီး)

မော်ဘီမြို့နယ် မြို့မဈေးအတွင်း ဈေးရေမြောင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၇ ရက်က ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ကျော့ကျော့သီနှင့်အဖွဲ့ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန သစ်တောတက္ကသိုလ် ပဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တန်ဖိုးကြီးမားလှသည့် မြန်မာ့သစ်တောသယံဇာတများ အစဉ်တည်တံ့နေစေရန် အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

သစ်တောရေးရာဝန်ကြီးဌာန သစ်တောတက္ကသိုလ် ပဌမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားနှင့် ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ သစ်တောရေးရာဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သစ်တောတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပညာရေးဝန်ကြီးဌာန (အထက်နှင့်အောက်မြန်မာပြည်) အဆင့်မြင့်ပညာဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မော်ကွန်းထိန်းများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဘွဲ့ယူသူမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

လေ့ကျင့်ပျိုးထောင်

ရှေးဦးစွာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်က အမှာစကားပြောကြားရာတွင် သစ်တောကဏ္ဍအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောတက္ကသိုလ်ကို သီးခြားတက္ကသိုလ် အဖြစ် ဖွင့်လှစ်ပေးခဲ့ပြီးနောက် သစ်တောသိပ္ပံဘွဲ့ရများမွေးထုတ်၍ ဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပပေးခဲ့သည်မှာ ယခုဆိုလျှင် ပဌမအကြိမ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ သစ်တောတက္ကသိုလ်အနေဖြင့် ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ သစ်တောသိပ္ပံဘွဲ့ရပုဂ္ဂိုလ် စုစုပေါင်း ၉၂၂ ဦးကို မွေးထုတ်ပေးခဲ့ပြီး တာဝန်ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် တန်ဖိုးကြီးမားလှသည့် မြန်မာ့သစ်တောသယံဇာတများ အစဉ်တည်တံ့နေစေရန်၊ သစ်တောများ အစဉ်တည်တံ့ရေး အုပ်ချုပ်လုပ်ကိုင်မှုကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း၊ သစ်ပင်သစ်တော ချစ်မြတ်နိုးတန်ဖိုးထားလိုစိတ်၊ လုပ်ငန်းအပေါ် အစဉ်အကဲဖြတ် လေ့လာသုံးသပ်သုတေသနပြုလိုစိတ်များ ရင့်သန်တိုးပွားအောင် လေ့ကျင့် ပျိုးထောင်သွားကြရန် အထူး မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဝန်ကြီးက သစ်တောတက္ကသိုလ်၏ ပညာရည်ချွန် ရွှေတံဆိပ်ဆုရရှိသူ လေးဦးအား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ရွှေတံဆိပ်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဘွဲ့လက်မှတ်ပေးအပ်

ထို့နောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဆက်လက်ကျင်းပရာ မဟာသိပ္ပံ (သစ်တော)ဘွဲ့ရရှိသူ ခြောက်ဦးနှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အထိ လေးနှစ်တာကာလအတွင်း သိပ္ပံ(သစ်တော) ဘွဲ့ရသူ ၁၁၉ ဦးတို့အား သစ်တောတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမြင့်ဦးက ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၁၉၂၃ ခုနှစ်မှ ယနေ့အထိ သစ်တောဘွဲ့ရသူစုစုပေါင်း ၁၉၈၉ ဦး မွေးထုတ်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ရထားလမ်းပိုင်းတွင် ပေ(၁၈၀) အထက် တံတားတစ်စင်း၊ ပေ(၁၈၀) အောက် တံတား ၅၄ စင်း တံတားကြီးငယ် စုစုပေါင်း ၅၅ စင်း၊ ဘလောက်ဘူတာများ ဖြစ်သည့် တန့်ကြည်တောင်ဘူတာ၊ ရွာသစ်ဘူတာ၊ ထန်းခြောက်ပင်ဘူတာနှင့် ရပ်နားစခန်းဘူတာအဖြစ် အရာတော်ဘူတာ ဘူတာပေါင်း စုစုပေါင်း လေးဘူတာ၊ အများဆုံးအကွေ့ဒီဂရီ ၁၁ ဒသမ ၃၀ ဒီဂရီ၊ ကွေ့ပေါင်း ၆၆ ကွေ့နှင့် အများဆုံး ဆင်ခြေလျှောမှာ ၁ အချိုး ၈၀ ဖြစ်ကာ ဖောက်လုပ်ချိန် သုံးနှစ်နှင့် သုံးလ ကြာမြင့်သည်။

ကြိုးပမ်းဆောင်ရွက်

ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး ပြီးစီးပါက ပခုက္ကူမှ ကလေးအထိ လည်းကောင်း၊ ကြံခင်းမှပုသိမ်သို့ လည်းကောင်း၊ ပုသိမ်(ဘဲဂရက်)-ရန်ကုန် (လှိုင်သာယာ) ရထားလမ်းစီမံကိန်း ပြီးစီးသွားပါက ရန်ကုန်မြို့အထိ လည်းကောင်း၊ မင်းဘူးမှ ရခိုင်ပြည်နယ် စစ်တွေမြို့အထိ လည်းကောင်း၊ ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ) ပြီးစီးသွားပါက ပုဂံမှ တစ်ဆင့် ကျောက်ပန်းတောင်း-တောင်တွင်းကြီး - နေပြည်တော်အထိ လည်းကောင်း အမျိုးသားကွန်ရက်သဖွယ် အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ရထားဖြင့် ခရီးသည်နှင့် ကုန်စည်များကို အလွယ်တကူ သွားလာ ပို့ဆောင်နိုင်တော့မည် ဖြစ်ကြောင်း သိရှိရသည်။ မြန်မာ့မီးရထားအနေဖြင့် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်း ၁၃ ခု ရှိပြီး စုစုပေါင်း ခရီးမိုင် ၂၂၆၅ မိုင် ရှိကာ ဖွင့်လှစ်ပြီး ခရီးမိုင်မှာ ၄၁၄ မိုင် ရှိသဖြင့် ဖောက်လုပ်ဆဲရထားလမ်း ခရီးမိုင် ၁၈၅၁ မိုင်ကို အမြန်ဆုံး အပိုင်းလိုက် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

စတင်ပြေးဆွဲ

ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ကျွန်းချောင်း - ဒေါင်းသာ ရထားလမ်းပိုင်းတွင် ရထား စတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၂၇ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

❖ ကျော့ဖုံးမှ

အခုထုတ်လုပ်လိုက်တဲ့ ကမ္ဘာ့အမြန်ဆုံး နေစွမ်းအင်သုံးမော်တော်ယာဉ်ပေါ်မှာ နေစွမ်းအင်ပြားအချပ် ၄၀၀ ပါရှိတပ်ဆင်ထားပြီး အဲဒီကရရှိတဲ့ နေစွမ်းအင်နဲ့ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းဖြစ်ပါတယ်။

ကြိုးစားထုတ်လုပ်

ပုံမှန်အားဖြင့် တစ်နာရီကို ၈၈ ဒသမ ၈ ကီလိုမီတာနှုန်း မောင်းနှင်နိုင်ပေမယ့် အမြင့်ဆုံးမောင်းနှင်နိုင်တဲ့ နှုန်းကတော့ တစ်နာရီ ၁၁၅ ကီလိုမီတာ(၇၁ ဒသမ ၅ မိုင်)နှုန်းဖြစ်ပါတယ်။ အဲဒီ နေစွမ်းအင်သုံးမော်တော်ယာဉ်ကို တက်စ်လာအီလက်ထရစ် မော်တော်ယာဉ်လုပ်ငန်းက ယာဉ်မောင်းနှစ်ဦးဖြစ်တဲ့ ဘာတန်မာဝါနဲ့ ကရင်းဒေးဗစ်တို့က စမ်းသပ်မောင်းနှင်တဲ့အခါ သတ်မှတ်တဲ့ အမြန်နှုန်းအတိုင်း မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြုခဲ့ကြပါတယ်။

နေစွမ်းအင်မသုံးဘဲ လျှပ်စစ်အားနဲ့ အသုံးပြုပြီး မောင်းနှင်လို့ရတဲ့ ဂျပန်နိုင်ငံထုတ် မော်တော်ယာဉ် တစ်စီးကတော့ တစ်နာရီ ၅၅၅ ဒသမ ၆ ကီလိုမီတာ (၃၄၅ ဒသမ ၂၃ မိုင်) မောင်းနှင်နိုင်တာမို့ အဲဒီ အမြန်နှုန်းကို ရရှိအောင်တော့ ကြိုးစားထုတ်လုပ်ရဦးမှာ ဖြစ်ပါတယ်။

အမြန်ဆုံးမောင်းနှင်

အခုထုတ်လုပ်လိုက်တဲ့ နေစွမ်းအင်သုံး ကမ္ဘာ့အမြန်ဆုံးမောင်းနှင်နိုင်တဲ့ မော်တော်ယာဉ်တစ်စီးရဲ့ တန်ဖိုးကတော့ အမေရိကန်ဒေါ်လာ ၂၈၀၀၀၀ ခန့်ရှိပြီး မိသားစုစီးတဲ့ မော်တော်ယာဉ်အရွယ်အစားလောက်ပဲ ရှိတယ်လို့ဆိုပါတယ်။ ။

(အင်တာနက်)

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- ❑ သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- ❑ သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch)တို့ကို ချထားပြီးမှ အပြင်သို့ ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။
- ❑ မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၄။ အဖွင့်သီချင်း
၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၃၄) ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မော်ဝင်လီပ်ပြာ**
၁၂း၃၀ ၇။ ကျန်းမာသုတ
၁၄း၀၀ ၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၄၅)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ ၇။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၀ ၈။ မြန်မာ့ရှုခင်း
၄း၅၀ ၉။ သတိနှင့်တိုးမည့်ပိုးဖလံများ
၅း၁၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ ဘဝကြေးမုံ
၆း၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၁၃)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ပဟေဠိနန်းတော်
၂၂။ ကျန်းမာသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၁၁)
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၃၂)

ငပုတော၌ မြေသားလမ်းဖောက်

ငပုတော ဖေဖော်ဝါရီ ၂၆

ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ငရုတ်ကောင်းတောင်-ငရုတ်ကောင်း တစ်ကြောင်းထိုး မြေသားလမ်းကို ဖေဖော်ဝါရီ ၁၅ ရက်က စက်ယန္တရားများဖြင့် ဖောက်လုပ်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ယမန်နေ့မှ အဆက်

ကမ္ဘာ့အပူချိန်ဟာ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ကနေ ၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာမယ်ဆိုရင် ပင်လယ်ရေမျက်နှာပြင်ဟာ တစ်ပေခန့်မြင့်တက်လာမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးဌာနကလည်း ၂၁၀၀ ပြည့်နှစ်မှာ ပင်လယ်ရေမျက်နှာပြင်ဟာ လေးပေခွဲကနေ ခုနစ်ပေအထိ မြင့်တက်လာနိုင်တယ်ဆိုပြီး ခန့်မှန်းထားပါတယ်။

လေထုအတွင်းကို အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိလာတဲ့ အညိုရောင်မီးခိုးမှိုင်းတွေဟာ အိန္ဒိယနဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ သမုဒ္ဒရာရေပြင်ထက်ဝန်းကျင်မှာ လွှမ်းခြုံလျက်ရှိပါတယ်။ အဲဒီလိုဖြစ်ပေါ်ရတာဟာ တောင်အာရှဒေသမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ များပြားလာတဲ့အတွက်ဖြစ်ပြီး ရာသီဥတုအပေါ် ဆိုးကျိုးသက်ရောက်မှုတွေဖြစ်စေကာ နှစ်စဉ် လူတစ်သိန်းခန့် သက်တမ်းမစေ့မီ သေဆုံးခဲ့ကြရပါတယ်။

အိန္ဒိယနိုင်ငံနဲ့ ဆွီဒင်နိုင်ငံတို့မှ ပညာရှင်တွေပူးပေါင်းပြီး အဲဒီမီးခိုးမြူမှုန်တွေကို ဓာတ်ခွဲစမ်းသပ်ခဲ့ရာ ကျပ်ခိုး(ကာဗွန်ကတ္တရာ)ပမာဏ သုံးပုံနှစ်ပုံခန့်ပါဝင်နေကြောင်း တွေ့ရှိရပါတယ်။ တောင်အာရှနဲ့ အရှေ့အာရှဒေသတွေမှာ မီးခိုးမြူမှုန်တွေဟာ တောမီးလောင်ခြင်း၊ တောင်ယာမီးရှို့ခြင်း၊ တိရစ္ဆာန်အညစ်အကြေးတွေ၊ ရိတ်သိမ်းပြီး ကောက်ပဲသီးနှံခင်းတွေ မီးရှို့ခြင်း၊ လူတို့ချက်ပြုတ်ခြင်းနဲ့ စက်ရုံတွေကနေ မီးခိုးတွေထွက်ခြင်း စတာတွေကြောင့် ဖြစ်ပေါ်လာတာဖြစ်ပါတယ်။

ကမ္ဘာမှာ တစ်နှစ်အသုံးပြုတဲ့ ရေနံစိမ်းပမာဏဖြစ်ပေါ်မှုအတွက် နှစ်ပေါင်းတစ်သန်း အချိန်ယူရပါတယ်။ ကောင်းမွန်တဲ့ အပေါ်ယံမြေဆီလွှာ တစ်လက်မဖြစ်ပေါ်ဖို့ဆိုရင်လည်း ဆယ်စုနှစ်များစွာ လိုအပ်ပါတယ်။ ဒါ့အပြင် သန့်စင်တဲ့ ရေတစ်ပေါက်ရဖို့ တောတောင်ရေမြေကောင်းစတဲ့ အခြေခံကောင်းတွေ အများကြီးလိုအပ်ပါတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင် မပျက်စီးသွားရအောင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စကို စီးပွားရေးဖွံ့ဖြိုးမှု ဆောင်ရွက်မယ့်လုပ်ငန်းတိုင်းမှာ ထည့်သွင်းစဉ်းစားဆောင်ရွက်မှသာ မှန်ကန်တဲ့ဖွံ့ဖြိုးတိုးတက်မှု ရနိုင်မှာဖြစ်ပါတယ်။ မှန်ကန်တဲ့ဖွံ့ဖြိုးတိုးတက်မှုရရှိရေးမှာ အဓိက အခက်အခဲအနေနဲ့ကတော့ လူဦးရေတိုးပွားမှုနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ တစ်ဖက်သတ်တွေးခေါ်လုပ်ကိုင်မှုတွေပဲဖြစ်ပါတယ်။ မမှန်ကန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးမှာ အခက်အခဲ အတားအဆီး သဖွယ်တည်ရှိနေမှာ ဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေနဲ့ပတ်သက်လို့ လေ့လာကြည့်မယ်ဆိုရင် ၁၉၅၀ ပြည့်နှစ်က ၂ ဒသမ ၅ ဘီလီယံသာရှိခဲ့ပေမယ့်လည်း ၂၀၀၀ ပြည့်နှစ်မှာ ၆ ဒသမ ၂၄ ဘီလီယံအထိ တိုးတက်လာခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ ကမ္ဘာ့လူဦးရေဟာ ၆ ဒသမ ၇၉ ဘီလီယံရှိကြောင်း အမေရိကန်သန်းခေါင်စာရင်းဗျူရိုက ကြေညာခဲ့ပါတယ်။ သက္ကရာဇ် ၂၀၁၅ ခုနှစ်မှာ ၇ ဒသမ ၅၆ ဘီလီယံနဲ့ ၂၉၅၀ပြည့်နှစ်မှာ ၁၀၁ ဒသမ ၃ ဘီလီယံအထိ တိုးပွားလာမှာဖြစ်တဲ့အကြောင်း ပညာရှင်တွေက ခန့်မှန်းထားကြပါတယ်။ တိုးတက်လာတဲ့လူဦးရေအတွက် အစားအစာ ဖူဖူလုံလုံ၊ သောက်ရေလောက်လောက်ငငြ၊ အနေအထိုင်သန့်သန့်ပြန့်ပြန့် ပံ့ပိုးနိုင်ဖို့ ကိစ္စတွေဟာ မလွယ်ကူတဲ့အတွက် အမြန်ဆုံးနည်းလမ်းတွေရှာကြံရင်း တစ်ဖက်စွန်းရောက် အတွေးတွေနဲ့ ဆောင်ရွက်ကြလို့လည်း ပတ်ဝန်းကျင်တွေပိုပြီး ပျက်စီးခဲ့ရပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စကို လူတိုင်းသိရှိဖို့အတွက် အသိပညာပေးလုပ်ငန်းနဲ့ သဘာဝသယံဇာတတွေကို မပျက်စီးစေဘဲ အစွမ်းကုန်အသုံးချနိုင်ဖို့အတွက် နည်းလမ်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ရမှာသာ ဖြစ်ပါတယ်။

ဥပမာပြောရရင် စက္ကူအသစ် တစ်တန်ထုတ်လုပ်နိုင်ဖို့အတွက် အရွယ်ရောက်သစ်ပင် ၁၇ပင်၊ ရေချိုဂါလန် ၇၁၀၀နဲ့ လျှပ်စစ်ကီလိုဝပ်နာရီ ၄၁၀၀ ကုန်ကျမှာဖြစ်တဲ့အတွက် စက္ကူသုံးစွဲမှုချွေတာဖို့နဲ့ ပြန်လည်အသုံးပြုစက္ကူကို သုံးစွဲကြဖို့ လိုအပ်တာကို တွေ့ရှိရပါတယ်။

ကမ္ဘာမှာ ရေငန် ၉၇ ရာခိုင်နှုန်းနဲ့ ရေချို ၃ ရာခိုင်နှုန်းရှိပါတယ်။ အဲဒီ ရေချို ၃ ရာခိုင်နှုန်းထဲက ၂ ရာခိုင်နှုန်းဟာ ရေခဲတောင်မှာရှိပြီး ကျန်ရှိတဲ့ ၁ ရာခိုင်နှုန်းဟာ မြေအောက်ရေနဲ့ မြစ်ချောင်းတွေမှာ တည်ရှိပါတယ်။ ဒါတွေကိုကြည့်ရင် အနာဂတ်ကာလမှာ ရေရှားပါးမှုပြဿနာ ရှိလာနိုင်တယ်လို့ ပြောရမှာပဲဖြစ်ပါတယ်။ တစ်စက္ကန့်မှာ ရေတစ်ပေါက်ကျနေတဲ့ ရေပိုက်ခေါင်းကို မပြင်ဘဲထားမယ်ဆိုရင် တစ်နှစ်အတွင်း ရေဂါလန် ၈၈၀ ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရေချိုကို ထိန်းသိမ်းပြီး အကျိုးရှိရှိအသုံးပြုတတ်ဖို့လိုအပ်တာကို တွေ့ရှိရပါတယ်။

လျှပ်စစ်ချွေတာမှုအနေနဲ့ တီဗွီကိုကြည့်သူမရှိဘဲ ဖွင့်ထားခြင်း၊ နေ့အလင်းရောင်ရှိပေမယ့်လည်း မီးပိတ်ဖို့ မေ့နေခြင်း၊ လူမရှိဘဲ ပန်ကာ၊ လေအေးပေးစက် ဖွင့်ထားခြင်းစတာတွေကို ရှောင်ကြဉ်ကြရပါမယ်။ စွမ်းအင်ချွေတာမှုအနေနဲ့ကတော့ ခရီးအကွာအဝေး မဝေးလွန်းဘူးဆိုရင် ခြေကျင်သွားသင့်ပါတယ်။ ဒါမှလည်း ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချဖို့အတွက် အထောက်အကူပြုနိုင်သလို ကျန်းမာရေးအတွက်လည်း အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ မော်တော်ယာဉ်တစ်စီးဟာ ခရီးအကွာအဝေး ၁ ဒသမ ၅ ကီလိုမီတာရှိတဲ့ ခရီးတစ်ခုကို မောင်းရမယ်ဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ကီလိုဂရမ် တစ်ဝက်လောက် ထုတ်လွှတ်တာဖြစ်တဲ့အတွက် ရက်သတ္တတစ်ပတ်မှာ ခရီးအကွာအဝေးကီလိုမီတာ ၃၀ ခန့် လျှော့ချလိုက်ရင်တော့ တစ်နှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ကီလိုဂရမ် ၄၅၀ လောက် လျော့ကျသွားမှာဖြစ်ပါတယ်။

စိမ်းလန်းပါစေ ကမ္ဘာမြေ

မောင်မောင်မျိုး(ပဲခူး)

ကမ္ဘာ့လူသားတွေဟာ စားဝတ်နေရေးအတွက် ပစ္စည်းတွေ ဝယ်ယူသုံးစွဲပြီး ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ အလေအလွင့်၊ အမှိုက်သရိုက်၊ အညစ်အကြေး၊ စွန့်ပစ်ပစ္စည်းစတာတွေကို နေ့စဉ်စွန့်ပစ်နေကြတဲ့အတွက် ကမ္ဘာမှာရှိတဲ့ မြို့တော်ကြီးတွေမှာဆိုရင် တစ်နေ့ပျမ်းမျှတန်ချိန် ခုနစ်သိန်းကျော်ထုတ်ပစ်နေရပါတယ်။ ဒါကြောင့် အမှိုက်စွန့်ပစ်ရာမှာလည်း အမျိုးအစားခွဲခြားပြီး ပြန်လည်အသုံးပြုနိုင်တဲ့ပစ္စည်းအဖြစ် အသုံးပြုရမှာဖြစ်သလို တချို့ကို သဘာဝမြေသြဇာအဖြစ် အသုံးပြုသင့်ပါတယ်။

ဈေးဝယ်၊ ပစ္စည်းသယ်၊ ကုန်ပစ္စည်းထည့်တဲ့နေရာမှာလည်း ပလတ်စတစ်အိတ်တွေကို ထုတ်လုပ်သုံးစွဲနေကြပါတယ်။ နှစ်စဉ်နှစ်တိုင်း ပလတ်စတစ်အိတ်ဘီလီယံ ၁၀၀အတွက် လိုအပ်တဲ့ကုန်ကြမ်းအနေနဲ့ လောင်စာဆီစည်ပေါင်း ၁၂ သန်းကုန်ကျတာ တွေ့ရပါတယ်။ ပလတ်စတစ်အိတ်တစ်ခု ဆွေးမြည့်ဖို့ကလည်း ၇၅ နှစ်ကြာမြင့်ပါတယ်။ ဒါကြောင့် ဈေးဝယ်တဲ့အခါ ခြင်း ဒါမှမဟုတ် အိတ်ကို အသုံးပြုမယ်ဆိုရင် ပလတ်စတစ်လွှမ်းမိုးတဲ့ အမှိုက်ပုံနဲ့ ရေမြောင်းတွေ မတွေ့ရတော့ဘဲ ကုန်ကြမ်းလောင်စာဆီကိုလည်း ချွေတာနိုင်တော့မှာဖြစ်ပါတယ်။

၂၀၁၀ ပြည့်နှစ်တုန်းက မြန်မာနိုင်ငံရဲ့ မြို့တော်တော်များများမှာ အပူချိန်အမြင့်ဆုံး စံချိန်သစ်တွေတင်တဲ့အထိ ဖြစ်ပေါ်ခဲ့တဲ့အတွက် ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်းတွေ တိမ်ကောခန်းခြောက်ခဲ့လို့ သောက်သုံးရေရှားပါးမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါဟာ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲအကြောင်းအရာတွေပဲ ဖြစ်ပါတယ်။ ကမ္ဘာကြီး ပိုပြီးပူနွေးလာမှုနဲ့ ရာသီဥတုပြောင်းလဲလာမှုတို့ရဲ့ အကျိုးဆက်အဖြစ် ပေါ်ပေါက်လာတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေဖြစ်တဲ့ သဘာဝဘေးအန္တရာယ်တွေကို ဖြေရှင်းနိုင်ဖို့ဆိုရင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနဲ့ သဘာဝတောတွေကို ပြုန်းတီးမှုမရှိအောင် ထိန်းသိမ်းကာကွယ်ခြင်း စတဲ့လုပ်ငန်းစဉ်တွေဟာ အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနဲ့ အကောင်းဆုံးနည်းလမ်းသာဖြစ်တဲ့အတွက် ရေရှည်စီမံချက်ချပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သစ်တောတွေဟာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို စုပ်ယူသိုလှောင်ခြင်းနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းခြင်း၊ ဂေဟစနစ် မျှခြေကိုထိန်းညှိပေးခြင်း စတဲ့လုပ်ငန်းတွေကို အဓိကလုပ်ဆောင်ပေးတာကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးကလည်း အသိအမှတ်ပြု လက်ခံလာကြပြီ ဖြစ်ပါတယ်။

ဒါကြောင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့ဆိုရင် သစ်ပင်စိုက်ကြရမှာပဲ ဖြစ်ပါတယ်။ မိမိနေထိုင်တဲ့ အိမ်၊ ခြံ၊ ဝန်းကျင်မှာ သစ်ပင်စိုက်တဲ့ အလေ့အကျင့်လုပ်ပြီး စိုက်ပျိုးကြမယ်ဆိုရင် အရိပ်၊ အသီး၊ အပွင့်လည်း ရသလို သန့်စင်တဲ့ လေနဲ့ သစ်ကိုလည်း သုံးစွဲနိုင်မှာဖြစ်တဲ့အပြင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုပါ စုပ်ယူထိန်းသိမ်းထားနိုင်မှာဖြစ်ပါတယ်။

သစ်တောတွေကို ထိန်းသိမ်းကာကွယ်တဲ့အတွက် တိုက်ရိုက်အကျိုးကျေးဇူးတွေအနေနဲ့ အဖိုးတန်သစ်၊ ထင်း၊ ဝါးနဲ့ သစ်မဟုတ်တဲ့ အခြားသစ်တောထွက်ပစ္စည်းတွေ ပိုပြီး ပေါကြွယ်ဝလာစေရုံသာမက ဇီဝမျိုးစုံမျိုးကွဲတွေ တိုးပွားလာခြင်း၊ ရေကောင်းရေသန့်တွေ ပေါများစွာရရှိနိုင်ခြင်း၊ သဘာဝရေထွက်တွေကို ပေါများလာစေခြင်း၊ ရာသီဥတုမျှတကောင်းမွန်ခြင်း စတာတွေကို ရရှိခံစားနိုင်မှာဖြစ်သလို သစ်တောတွေတည်ရှိမှုကြောင့် မြေဆီမြေလွှာတွေ ထိန်းသိမ်းနိုင်ခြင်း၊ လေကောင်းလေသန့်ရရှိခြင်း၊ မြစ်၊ ချောင်းနဲ့ဆည်တွေ မတိမ်ကောစေဖို့ ရေဝေရေလဲ ဇရိယာတွေ ထိန်းသိမ်းပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွေ အထွက်နှုန်းတိုးခြင်း၊ ကျေးလက်ဒေသနေပြည်သူတွေ လူနေမှုအဆင့်အတန်းမြင့်မားစေခြင်းစတဲ့ အကျိုးကျေးဇူးတွေကိုပါ ရရှိနိုင်မှာဖြစ်ပါတယ်။ သစ်တောကာကွယ်ခြင်း၊ ပြုစုထိန်းသိမ်းခြင်းတွေမှာ ငွေကြေးကုန်ကျမှုတွေ ရှိပေမယ့်လည်း ဒီလိုကုန်ကျမှုတွေဟာ နောင်ကာလတွေအတွက် အကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်။ ဒါမှလည်း ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲပြဿနာတွေကို ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။

ဒီရေတောတွေဟာ မြစ်ဝကျွန်းပေါ်ဒေသမှာဖြစ်ပေါ်ခဲ့တဲ့ မုန်တိုင်းဒဏ်ကို အထိုက်အလျောက်သက်သာစေခဲ့ပါတယ်။ ဆူနာမီအဖြစ်အပျက်မှာလည်း သုတေသနပြုချက်တွေအရ ဒီရေတောရှိတဲ့နေရာမှာ အပျက်အစီး၊ အသေအပျောက်နည်းခဲ့တာကို သိရှိရပါတယ်။ ဥပမာအနေနဲ့ ပြောရရင် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (IUCN) ရဲ့ သုတေသနလေ့လာချက်တွေအရ ၂၀၀၄ ခုနှစ် ဆူနာမီရေလှိုင်းကြီးတွေ ရိုက်ခတ်ခဲ့စဉ်တုန်းက သီရိလင်္ကာနိုင်ငံမှ ဒီရေတောတွေဝန်းရံနေတဲ့ရွာမှာ လူနှစ်ဦးသာသေဆုံးခဲ့ပြီး အနီးအနားက ဒီရေတောမရှိတဲ့ ရွာမှာ လူ ၆၀၀၀ကျော်သေဆုံးခဲ့တာကို သိရှိရပါတယ်။ ဒါတွေကိုကြည့်ရင် ဒီရေတောတွေက သဘာဝဘေးရန်သက်ရောက်မှုကို ဘယ်အတိုင်းအတာအထိ လျော့ပါးစေနိုင်ခဲ့တယ်ဆိုတာကို ခန့်မှန်းချင့်ချိန်လို့ရပါတယ်။ ဒါကြောင့် ဒီရေတောတွေထိန်းသိမ်းဖို့နဲ့ ပြန်လည်စိုက်ပျိုးဖို့ လိုအပ်တာကို တွေ့ရှိရပါတယ်။

ဗီယက်နမ်နိုင်ငံမှာလည်း ဒီရေတော ပြန်လည်တည်ထောင်ရေး စီမံကိန်းတွေကြောင့် ပင်လယ်ကမ်းရိုးတန်းမှာရှိတဲ့ ရေလှိုင်းကာတာတမံတွေကို ထိန်းသိမ်းရာမှာ ကုန်ကျစရိတ် အတော်လျော့ကျစေခဲ့တာကို တွေ့ရပါတယ်။ ရေတာတမံတွေကို ထိန်းသိမ်းရတဲ့ ကုန်ကျစရိတ်ဟာ တစ်နှစ်မှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ သန်းခန့်ရှိပြီး ဒီရေတောတွေကို စိုက်ပျိုးထိန်းသိမ်းရတဲ့ ကုန်ကျစရိတ်ဟာ တစ်နှစ်မှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၃ သန်းသာရှိပါတယ်။ ဒီရေတောတွေကြောင့် ရေလှိုင်းကာတာတမံတွေ ထိန်းသိမ်းစရိတ် သက်သာသွားရုံမက တိုင်ဖုန်းမုန်တိုင်းကြောင့် ဖြစ်လာတဲ့ အသေအပျောက်၊ အပျက်အစီးတွေနည်းပါးသွားပြီး ဒေသခံတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုဖြစ်တဲ့ ရေလုပ်ငန်းကိုပါ အထောက်အကူပြုခဲ့တာကို တွေ့ရှိရပါတယ်။

မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့မှာ ၂၀၁၀ ပြည့်နှစ် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကျင်းပခဲ့ရာ ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်နိုင်ဖို့အတွက် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကို နိုင်ငံအားလုံးက လက်ခံခဲ့ကြကြောင်း သိရှိရပါတယ်။ အပူချိန်တိုးတက်မှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နဲ့ ၂ ဒီဂရီစင်တီဂရိတ်အကြား ထားရှိဖို့နဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ စုစုပေါင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၂၀ ပြည့်နှစ်မှာ ၁၉၉၀ ပြည့်နှစ်ကအဆင့်ထက် ၂၅ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းအထိလျှော့ချဖို့ သဘောတူခဲ့ကြပါတယ်။ ဒါ့အပြင် အပူပိုင်းသစ်တောတွေ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး ကမ္ဘာ့နိုင်ငံတွေက ဆင်းရဲတဲ့နိုင်ငံတွေအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကို ရန်ပုံငွေအဖြစ် ထူထောင်ပေးဖို့ကိုလည်း သဘောတူခဲ့ကြပါတယ်။

ကမ္ဘာကြီးပူနွေးလာမှု၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုစတဲ့ အကြောင်းခံတွေကြောင့် အကျိုးဆက်တွေအနေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အင်အားပြင်းထန်တဲ့ ငလျင်လှုပ်မှု၊ မုန်တိုင်းကြီးတွေတိုက်ခတ်မှု၊ မီးတောင်တွေပေါက်ကွဲမှု၊ ရေကြီးနစ်မြုပ်မှု၊ တောမီးလောင်ကျွမ်းမှု၊ ဆူနာမီကဲ့သို့ ရေလှိုင်းကြီးတွေရိုက်ခတ်မှုနဲ့ မြေပြိုမှုတွေဖြစ်ပွားခဲ့ရပြီး လူသားတွေရဲ့ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရတဲ့အပြင် ပစ္စည်းဥစ္စာ တိုက်တာအိုးအိမ်များစွာတို့လည်း ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။

အခုတစ်လော ဖေဖော်ဝါရီလ ၂၂ ရက်နေ့ကတောင် နယူးဇီလန်နိုင်ငံ ခရစ်ချပ်မြို့မှာ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ အင်အားပြင်းမြေငလျင်လှုပ်ခဲ့ရာ ဖေဖော်ဝါရီလ ၂၅ ရက်နေ့အထိ သေဆုံးသူ ၁၁၃ ဦးနဲ့ ပျောက်ဆုံးနေသူ ၂၂၈ ဦးရှိပြီး လူပေါင်းလေးသိန်းနီးပါးဟာ ငလျင်ဒဏ်ခံစားခဲ့ကြရပါတယ်။ ငလျင်ဒဏ်ကြောင့် အဆောက်အအုံတွေပျက်စီးခြင်း၊ လျှပ်စစ်မီးနဲ့ တယ်လီဖုန်းလိုင်းတွေပြတ်တောက်ခြင်း၊ ရေပိုက်လိုင်းတွေပြတ်တောက်ပြီး လမ်းမတွေအပေါ် ရေလွှမ်းခြင်း စတာတွေလည်း ဖြစ်ပေါ်ခဲ့ပြီး နှစ်ပေါင်း ၈၀ အတွင်းမှာတော့ အဆိုးရွားဆုံး မြေငလျင်လှုပ်မှုတစ်ခုပဲ ဖြစ်ပါတယ်။

ဒီလို သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့ရခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ စက်မှုလက်မှုထွန်းကားတဲ့ နိုင်ငံကြီးတွေအနေနဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၊ လေထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ များပြားလာမှုနဲ့ လူတွေရဲ့ပယောဂကြောင့် သစ်တောတွေ၊ မြစ်ချောင်း အင်းအိုင်တွေ၊ ဂေဟစနစ်တွေ ပျက်စီးလာမှုတို့ကြောင့်ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ သစ်တောကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ထင်းအစား အခြားလောင်စာသုံးစွဲခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတွေ ထူထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်စေဖို့ ဆောင်ရွက်ခြင်း၊ သစ်နဲ့ သစ်တောထွက်ပစ္စည်းတွေ စည်းကမ်းမဲ့ ထုတ်ယူမှုထိန်းသိမ်းခြင်း၊ လူထုပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ခြင်းစတာတွေကို ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ကာကွယ်ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အနေနဲ့ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်သလို နိုင်ငံသားတိုင်းကလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရာမှာ နိုင်ငံတော်ကို ကူညီဖို့တာဝန်ရှိတဲ့အကြောင်း ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းဖော်ပြထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ၁၉၉၀ ပြည့်နှစ်မှာ ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း၊ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းနဲ့ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း စတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ မြန်မာနိုင်ငံက အဖွဲ့ဝင်အနေနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါတယ်။ အာရှဒေသ ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေး မဟာဗျူဟာစီမံချက်ကို အာရှဒေသ ၁၂ နိုင်ငံနဲ့အတူ ပူးပေါင်းရေးဆွဲခဲ့ပါတယ်။ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနဲ့ အိုဇုန်းစည်းမျဉ်းဥပဒေတွေကိုလည်း မူကြမ်းရေးဆွဲနိုင်ခဲ့ပါတယ်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်အနေနဲ့ သစ်တောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းနဲ့ ဒီရေတောစိုက်ခင်းတွေကို တိုးချဲ့စိုက်ပျိုးနေသလို သဘာဝတောနဲ့ သဘာဝဒီရေတောတွေကိုလည်း ထိန်းသိမ်းပြုစုကာကွယ်လျက်ရှိပါတယ်။ ဒါ့အပြင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ဖို့ သဘာဝနယ်မြေတွေကိုလည်း အရင်ကထက်ပိုပြီး တိုးတက်တည်ထောင်ခဲ့ပါတယ်။ အပူပိုင်းဒေသ၊ ပဲခူးရိုးမနဲ့ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို နှစ်ရှည်စီမံကိန်းရေးဆွဲပြီး စီမံကိန်းအတွက် အထောက်အကူပြုစေမည့် သုတေသနလုပ်ငန်းတွေကိုပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့အပြင် အပူပိုင်းဒေသတွေမှာ ရေရရှိရေးအတွက် ရေကန်၊ အဝီစိတွင်းနဲ့ နန်းတားဆည် စတဲ့ မြေအောက်ရေရရှိရေးစီမံကိန်းတွေကိုလည်း အရှိန်အဟုန်နဲ့ တိုးမြှင့်တူးဖော်တည်ဆောက်ပေးလျက်ရှိပါတယ်။ ဒါတွေကိုကြည့်ရင် မြန်မာနိုင်ငံဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး လျစ်လျူရှုပစ်ပယ်မထားဘဲ အလေးအနက်ထား ဆောင်ရွက်နေတယ်ဆိုတာကို အထင်အရှား တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာမြေကြီးပြန်လည်စိမ်းလန်းပြီး အေးချမ်းသာယာစေဖို့ လူသားအားလုံးက ကိုယ်စီကိုယ်င ကြိုးပမ်းဆောင်ရွက်သင့်ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

27-2 (09).pmd 1 2/27/2011, 1:41 AM

* ***ရှေ့ဖုံးမှ***

အုပ်ချုပ်ခဲ့

အင်္ဂလိပ် နယ်ချဲ့တို့အောက် မြန်မာနိုင်ငံကို စစ်ပြည်သိမ်းပိုက်ခဲ့ပြီးနောက် သုံးခွတွင် ခရိုင်ရုံး စိုက်ခဲ့သည်။ သုံးခွခရိုင်တွင် ဒေးဒရဲမြို့နယ်၊ ပြင်ဒရယ်မြို့နယ်၊ ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်တို့ ပါဝင်ဖွဲ့စည်းခဲ့သည်။ ၁၈၇၆ ခုနှစ်တွင် သုံးခွခရိုင်ကို အင်္ဂလိပ် အရေးပိုင်ဟဂိုဝင်နာ (Hagow - ener) က အုပ်ချုပ်ခဲ့သည်။

၁၈၉၄ ခုနှစ်မှ ၁၈၉၆ ခုနှစ်နှင့် ၁၉၀၁ ခုနှစ်မှ ၁၉၀၃ ခုနှစ်အထိ သုံးခွအရေးပိုင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အင်္ဂလိပ်အရေးပိုင် အက်ဖ်ဒီမက္ကဆွဲ (F.D Maxwell) က "**ရေဝတီ**" အမည်တွင်သော ရွာကြီးကို မအူပင်မြို့ဟု အမည်ပေးကာ သုံးခွသည် မြို့မှ ရွာအဖြစ် လျှောကျသွားသည်။ ၁၉၀၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် ညောင်တုန်းမြို့၊ မအူပင်မြို့၊ ပန်းတနော်မြို့နှင့် ဓနုဖြူမြို့တို့အားစုစည်း၍ မအူပင်ခရိုင်ဟု တရားဝင်ဖြစ်ပေါ်လာသည်။

သုံးခွမြို့တည်စကပင် အင်္ဂလိပ်တို့က သုံးခွကျွန်းကြီးကို မြစ်ရေ၊ ချောင်းရေများ မလွှမ်းစေရန် တာပေါင်များပတ်ခဲ့သည်။ ရေတံခါးများတပ်ဆင်ပြီး ရေသွင်းစိုက်ပျိုးနိုင်သောလယ်မြေများ ဖော်ထုတ်ခဲ့သည်။ မြန်မာမင်း အုပ်ချုပ်မှုအောက်တွင်ရှိသော လယ်သမားများကို လယ်မြေဖြင့် သွေးဆောင်၊ အခွန် ကင်းလွတ်ခွင့်ပေးသယောင်ဖြင့် သွေးဆောင်ခဲ့သည်။

သုံးခွကျွန်း တာပေါင်ပတ်လမ်းမှာ ၄၄ မိုင် ၆ ဖာလုံခန့်ရှိသည်။ သုံးခွကျွန်း တာပေါင်လမ်းသည် မြေသားလမ်း ဖြစ်သောကြောင့် မိုးရာသီတွင် သွားရေးလာရေးခက်ခဲသဖြင့် သုံးခွကျွန်းကို မှီတင်းနေထိုင်သူများ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည်။

နယ်ချဲ့ခေတ်တွင် အင်္ဂလိပ်တို့သည် မြေဆီဩဇာကောင်းသော သုံးခွကျွန်းကို နယ်ချဲ့အစိုးရ၏ စီးပွားရေးအတွက်သာ အသုံးချခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည်မှ ၁၉၈၅ ခုနှစ်အထိ သုံးခွကျွန်းသည် ခရီးသွားလာရေးခက်ခဲသော ဒေသတစ်ခုဖြစ်ခဲ့သည်။

ကတ္တရာခင်းပေး

၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်မှစ၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သုံးခွကျွန်း တာပတ်လမ်း ၄၆ မိုင် ၄ ဖာလုံ အားရာသီမရွေး သွားလာနိုင်မည့်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်း ၃ မိုင် ၁ ဒသမ ၄ ဖာလုံ၊ ကျောက်လမ်း ၂၄ မိုင် ၄ ဒသမ ၃ ဖာလုံ၊ မြေသားလမ်း ၄ မိုင် ၃ ဒသမ ၁ ဖာလုံ ဆောင်ရွက်ခဲ့သည်။ ကျောင်းရွာ၊ ခနောင်ထိုရွာ၊ ပန်းတောရွာ ကမ်းနားလမ်းများနှင့် သုံးခွရွာတွင်းလမ်းများကို ကတ္တရာခင်းပေးခဲ့သည်။

ဆောင်ရွက်ပေး

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ကဝက္ကင်းကျေးရွာသို့ ဆက်သွယ်ရန်အတွက် မြေသားလမ်း ပေ ၈၄၀၀×၁၈ ပေ×၆ ပေ လမ်းသစ်ကြီးကို လမ်းအူကြောင်းရှာဖွေဖော်ထုတ်ပေးခဲ့သည်။ လမ်းတွင် အုတ်ခုံတံတား ၁၄ ပေ×၁၅ ပေ×၁၂ ပေ တစ်စင်းနှင့် ကွန်ကရစ် ရေပြွန် ပေ၂၀ သုံးစင်း ဆောင်ရွက်ပေးခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ပေ ၈၄၀၀ × ၈ ပေ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

မူလသုံးခွကျွန်း တာပေါင်လမ်းအကျယ်မှာ ၁၀ ပေ ဝန်းကျင်ခန့်သာရှိခဲ့သည်ဟု သိရသည်။ ယခုအခါ မြေသား ၁၈ပေ အကျယ်နှင့် ကျောက်ချော ၁၂ပေ အကျယ်အထိ ပြုပြင်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ယခုအခါ သုံးခွကျွန်းတာပေါင်ပတ်လမ်း ဆောင်ရွက်နေသော အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်နှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုကို လေ့လာခွင့်ရရှိခဲ့သည်။ မူလသုံးခွကျွန်းပတ်လမ်း ၄၆မိုင် ၄ဖာလုံရှိသည့်အနက် ကတ္တရာလမ်းအရှည် ၆မိုင် ၅ဖာလုံ၊ ကျောက်လမ်း ၁၂မိုင် ၆ ဖာလုံ ဆောင်ရွက်ပြီးဖြစ်သည်။

ဦးထွန်းထွန်းနိုင်တို့ အဖွဲ့သည် သုံးခွကျွန်း ဧရိယာအတွင်းရှိ ပဲတပွတ်ရွာမှ ကျုံသင်ရွာအထိ မြေလမ်း ၂၉မိုင် ၂ ဖာလုံကို ၁၈ ပေကျယ်အထိ ရရှိအောင် ချဲ့ခြင်း၊ ထိုလမ်းတွင် ၂၅မိုင် ၁၂ပေအကျယ် ကျောက်လမ်းခင်းခြင်းတို့ကို ဆောင်ရွက်နေကြောင်း သိရှိရသည်။

ထို့အပြင် ခနောင်ရွာမှ အခြံရွာအထိ မြေလမ်း ၈ မိုင် ၄ ဖာလုံကို ၁၂ ပေ အကျယ်အထိ ချဲ့ဖို့ တည်ဆောက်နေသည်ဟုလည်း သိရသည်။

ဦးထွန်းထွန်းနိုင်တို့ အဖွဲ့သည် Back Hoe ရှစ်စီး၊Dozer လေးစီး၊ Loader တစ်စီး၊ လမ်းကြိတ်စက် ခုနစ်စီး စသည့်စက်ယန္တရား အင်အားများဖြင့် ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရသည်။

သုံးခွကျွန်းတွင် ခနောင်ထို၊ ကျောင်းရွာ၊ သုံးခွ၊ သုံကြိုင်၊ ကဝက္ကင်း၊ ကျုံတာလေး၊ ခနောင်၊ ဝဲဒေါင့်၊ အဂါး၊ ထရော်ဝ၊ ကျုံသင်၊ ထရော်ပေကုန်း၊ ထရော်စခန်းကြီး၊ ထရော်ညောင်ဝိုင်း၊ အခြံ၊ တာပါတ်အရှေ့၊ ထန်းပင်ကွေ့အရှေ့ စသည့် ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၇၆ ရွာ တည်မှီလျက်ရှိသည်။ လူနေအိမ်ခြေ ၉၅၂၈ လုံး၊ အိမ်ထောင်စု ၉၅၆၈ စု လူဦးရေ ၅၁၇၇၁ ဦး မှီတင်းနေထိုင်ကြလေသည်။ အဓိက အသက်မွေးမှုလုပ်ငန်းမှာ ဆန်စပါးစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံစိုက်ပျိုးရေး၊ ဥယျာဉ်စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့ဖြစ်ကြသည်။

အခြံဘိုတဲစုနှင့် ခနောင်ရွာဖြတ်လမ်း မြေသား တာပေါင်လမ်းသစ်ကိုလည်း ဆောက်လုပ်လျက်ရှိပြီး အကျိုးသက်ရောက်မှုအဖြစ် သုံးခွကျွန်းတွင် မှီတင်းနေထိုင်ကြသော ပြည်သူများဖြတ်လမ်းကို အသုံးပြု၍ ဆက်သွယ်သွားလာနိုင်ကြမည် ဖြစ်သည်။

ပြုပြင်ပေး

ထို့အပြင် အင်ဂျင်နီယာမှူးဦးထွန်းထွန်းနိုင်၏ ရှင်းပြမှုကြောင့် စည်ပင်သာယာရေးဦးစီးဌာနက သုံးခွကျွန်းအတွင်းရှိ ကျေးရွာများအတွက် စာသင်ကျောင်း ၂၃ ကျောင်း တည်ဆောက်ပေးခဲ့ပြီး ဘုန်းတော်ကြီးကျောင်းကိုးကျောင်းနှင့် ဆေးပေးခန်းတစ်ခန်း ပြုပြင်ပေးခဲ့သည်ဟု သိရသည်။

ယခုကဲ့သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက သုံးခွကျွန်းတာပေါင်ပတ်လမ်းကြီးကို မြေဖို့ခြင်း၊ ချဲ့ခြင်း ချိန်ခါမရွေးသွားလာနိုင်သော ကတ္တရာနှင့်ကျောက်ချောလမ်း တည်ဆောက်ခြင်း၊ ဖြတ်လမ်းသစ်တာပေါင် တည်ဆောက်ခြင်းအပေါ် စာရေးသူက ဒေသခံတို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

သုံးခွကျွန်း တာပေါင်ပတ်လမ်းကို ကျောက်ချောလမ်းအဖြစ် ဤသို့ ခင်းကျင်း။

သုံးခွကျွန်း တာပေါင်ပတ်လမ်းကို စက်ယန္တရားအင်အားဖြင့် အဆင့်မြှင့်တင်။

ဒေသခံတို့ လက်တွေ့အကျိုးခံစားရသည်များမှာ-

- တာပတ်လမ်းရှည်ကြီး ကြံ့ခိုင်မှုကြောင့် မြစ်ရေ၊ ချောင်းရေလျှံမှုမှ ကာကွယ်နိုင်သဖြင့် ဒေသခံများ ကြောင့်ကြကင်းစွာ စိုက်ရေးပျိုးရေး ဆောင်ရွက်နိုင်ခြင်း။
- တစ်ချိန်က ရေလမ်းခရီးဖြင့် အချိန်ဖင့်စွာ ကူးသန်းသွားလာခဲ့ရခြင်းမှ ကုန်းလမ်းခရီးဖြင့် အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ခြင်း။
- သုံးခွကျွန်းအတွင်းရှိ ကျေးရွာပေါင်း ၇၆ ရွာ၊ လူဦးရေ ၅၁၇၇၁ ဦး အတွက် ကျေးရွာအချင်းချင်း သာမက မအူပင်မြို့၊ တွံတေးမြို့၊ ကျိုက်လတ်မြို့နှင့် အခြားမြို့နယ်များသို့ပါ လွယ်ကူစွာ ခရီးမဖင့်တော့ဘဲ ဆက်သွယ်ကူးသန်းနိုင်မည်ဖြစ်ခြင်း။
- စာသင်ကျောင်းများ တည်ဆောက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ဆေးပေးခန်း ပြုပြင်ပေးခြင်းများကြောင့် ပညာရေး၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ခြင်း

စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဟု သိရှိရသည်။

လုပ်ငန်းခွင်၌ စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်နှင့် စည်ပင်သာယာရေးဦးစီးဌာနဝန်ထမ်းများသည် မိမိတို့ဒေသမှ ဝေးလံသော သုံးခွကျွန်းနယ်မြေတွင် ပင်ပန်းစွာ တာပေါင်ပတ်လမ်း တည်ဆောက်နေမှုကို မြင်တွေ့ရသောအခါ နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် ဝန်ထမ်းတို့စေတနာကို ပေါင်းစပ်၍ ထင်ရှားစွာမြင်တွေ့မိသည်။

အင်္ဂလိပ်နယ်ချဲ့တို့က သုံးခွကျွန်းကြီးကို စိုက်ပျိုးနိုင်ရုံ၊ ၎င်းတို့၏ကိုလိုနီ စီးပွားရေးစနစ် ခိုင်မာရုံသာမျှော်မှန်း၍ ဒေသနေပြည်သူတို့အကျိုးကို လျစ်လျူရှုမှုကိုလည်း သိသာထင်ရှားစွာ တွေ့မြင်ရလေသည်။

နိုင်ငံတော်အစိုးရက သုံးခွကျွန်းစပါး(၂) စီမံကိန်းဆောင်ရွက်နိုင်ရန် မြောင်း ၃၀ကို ဖော်ထုတ်ပေးခဲ့သဖြင့် သုံးခွကျွန်း၌ လယ်ယာမြေဧက ၁၂၄၆၅ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်ရာ သုံးခွကျွန်းတာပေါင်ပတ်လမ်းကြီး တည်ဆောက်ပြီးပါက ဆန်စပါး ထွက်ကုန်များကို သယ်ယူပို့ဆောင်သည့် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်နိုင်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာတော့မည်ဖြစ်သည်။

ထို့ကြောင့် စာရေးသူသည် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင် လက်ထဲက သုံးခွကျွန်းတာပေါင်ပတ်လမ်း အခြေပြမြေပုံကိုတစ်လှည့်၊ တာပေါင်နှင့် ကာရံထားသည့် လယ်ကွင်းထဲက မြစိမ်းရောင်ဖြင့် အလုခြယ်နေသော စပါးခင်းကို တစ်လှည့်ကြည့်ပြီး မုဒိတာပွားနေမိပါတော့သည်။ ။

သုံးခွကျွန်း တာပေါင်ပတ်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုမြင်ကွင်း။

မြန်မာ့ရုပ်မြင်သံကြား

၂၇-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ အတီးပြိုင်ပွဲ
၈:၄၀ ၁၀။ **International News**
၈:၄၅ ၁၁။ **အေးမြသော လေညင်းလေးများ**

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၂၀)
၁၂:၄၀ ၅။ **Golf Magazine (TV)**
၁၃:၀၀ ၆။ မြန်မာရုပ်ရှင် **ချစ်အမှု** (ဇော်လင်း၊ ခင်ယုမေ၊ ချိုပြုံး) (ဒါရိုက်တာ-ဦးသုခ)
၁၄:၅၀ ၇။ အဆိုပြိုင်ပွဲ
၁၄:၅၅ ၈။ **International News**

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ အကပြိုင်ပွဲ
၅:၂၀ ၈။ စက်မှုတပ်ဆင်လုပ်ငန်းတွင်
၅:၃၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၁၀)
၆:၄၀ ၁၃။ တစ်မျက်နှာတစ်ကွက်စာ **အကျင့်ပါနေလို့** မင်းသူ၊ ခိုင်နှင်းဝေ [ဒါရိုက်တာ-မေတင် (MMG)]
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၂၆)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၀၃)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၁၀)
၂၀။ **ရင်လှိုင်းခတ်သံ တေးသီဟန်**

၂၀၁၁ခုနှစ် သကြၤန်အကြို KENBO ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Kenbo က အဓိက ကူညီပံ့ပိုးသော ၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို မတ် ၅ ရက်တွင် မူဆယ်မြို့ ရွှေသမင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ဆုချီးမြှင့်မည်

ပြိုင်ပွဲတစ်ပွဲချင်းစီတွင် (အကျောမဲ့)ပုံစံဖြင့် အကောင်းဆုံးအပျော်တမ်းကစားသမား ၁၀ဦးအား ရွေးချယ်ပြီး ၂၀၁၁ခုနှစ် ဧပြီ ၇ ရက်နှင့် ၈ ရက်တွင် ရွှေမန်းတောင် ဂေါက်ကလပ်၌ကျင်းပမည့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ကျန်အပျော်တမ်းပြိုင်ပွဲဝင်များနှင့် အမျိုးသမီးပြိုင်ပွဲဝင်များအား System 36 ဖြင့် တွက်ချက်ပြီး ဆုများချီးမြှင့်ပေးမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Hole- In- One ဆုရရှိသူအား Kenbo မော်တော်ဆိုင်ကယ် ဆုချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် မတ် ၃ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၅၁၇၇၉၅၆ ၊ ၀၉-၂၀၃၇၆၇၁ တို့နှင့် မူဆယ်မြို့ ရွှေသမင်ဂေါက်ကလပ် ဖုန်း-၀၈၂-၅၁၅၁၃တို့သို့ အမည်စာရင်းပေးသွင်းနိုင်သည်။

အဆိုပါ ၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်မြတ်သက်နှင်းနှင့် ဝန်ထမ်းများက အဖွဲ့ရန်ပုံငွေဖြင့် မြို့တွင်းရှိ စာရိတ္တလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မြင့် ဖေဖော်ဝါရီ ၂၅ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မျက်စိရေတိမ်အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အမေရိကန်ဖွီးရှင်း မျက်စိအထူးကုဆေးရုံက ကြီးမှူးကျင်းပပေးပြီး Singapore National Eye Centre မှ မျက်စိအထူးကုဆရာဝန်ကြီး Prof. Dr. Tin Ag **(အပေါ်ပုံ)**က မျက်စိရေတိမ်ရောဂါ အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ မျက်စိ အထူးကုဆရာဝန်ကြီးများ၊ စိတ်ပါဝင်စားသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်စာနယ်ဇင်းအဖွဲ့များ တက်ရောက်ကြသည်။

စမ်းသပ်စစ်ဆေး

အခမ်းအနားတွင် အမေရိကန်ဖွီးရှင်းမှ မြန်မာပြည်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်ယူထားသော ဂျာမနီနိုင်ငံ Zeiss ကုမ္ပဏီထုတ် မျက်စိအမြင်လွှာနှင့် မျက်စိရေတိမ်ရောဂါကို စစ်ဆေးပေးသော သုံးဖက်မြင် 3D Cirrus HD-OCT စက်ကြီးနှင့် Visante OCT စက်ကြီးကို ပြသထားပြီး စိတ်ပါဝင်စားကြသော ဆရာဝန်ကြီးများနှင့် ဧည့်သည်တော်များက စမ်းသပ်စစ်ဆေးမှု ခံယူခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၇-၂-၂၀၁၁)ရက်နေ့ ၊ **၂၀၁၁ ခုနှစ် မတ်လအတွက်**
(၁၃-၃-၂၀၁၁)ရက်နေ့နှင့် (၂၇-၃-၂၀၁၁)ရက်နေ့

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ကူးစက်ရောဂါ ဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်ရေ၊ သုံးရေညစ်ညမ်းမှုများကြောင့် ပိုမိုဖြစ်ပွားလေ့ရှိသည်။ ဤရောဂါသည် ယင်ကောင်မှ တစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောရေနှင့် အစားအစာများမှလည်းကောင်း၊ မသန့်ရှင်းသောလက်မှလည်းကောင်း ကူးစက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အစားအစာနှင့် ပတ်သက်၍

၁။ ယင်နားစာနှင့် အမှည့်လွန်သော အသီးများကိုမစားပါနှင့်။
၂။ သန့်သန့်ရှင်းရှင်း ပြုပြင်ချက်ပြုတ်မထားသော လက်သုပ်အစားအစာများနှင့် အခြားအစားအစာများကို မစားပါနှင့်။
၃။ လတ်ဆတ်သော အသား၊ ငါးများနှင့် အသီးအရွက်များကိုသာ ဝယ်ယူချက်ပြုတ်စားသုံးပါ။
၄။ အသား၊ ငါးနှင့်အသီးအရွက်များကို ခုတ်ဖြတ်ရာတွင် စဉ်းတီတုံးနှင့် ဓားများကို သီးသန့်ထားပြီး သန့်ရှင်းစွာ အသုံးပြုပါ။
၅။ အစားအစာများ၊ အသားငါးများနှင့် အသီးအရွက်များကို ကျက်အောင်ချက်ပြီး စားသုံးပါ။
၆။ အစားအစာများကို ယင်၊ ပိုးဟပ်၊ အိမ်မြှောင်နှင့် ဖုန်မှုန့်များမှ ကာကွယ်ရန် အုပ်ဆောင်းဖြင့်အုပ်ထားပါ။

(ခ) ရေနှင့်ပတ်သက်၍

၁။ ရေကို ရေသန့်ဆေးရည်ခတ်၍ဖြစ်စေ၊ ကျိုချက်ပြီးမှဖြစ်စေ သောက်သုံးပါ။
၂။ သန့်ရှင်းသောရေဖြင့်သာ အသား ငါးများနှင့် ဟင်းသီးဟင်းရွက်များကို ဆေးကြောပါ။ ဖြစ်နိုင်ပါက ရေသန့်ဆေးရည် (ကလိုရင်းဆေးရည်) ခတ်ထည့်ထားသော ရေဖြင့်ဆေးကြောပါ။
၃။ ရေထွက်ပင်ရင်းများ (ရေတွင်း၊ ရေကန်၊ တုံကင်၊ အဝီစိတွင်းများ)အား ပြင်ပရေများစိမ့်ဝင်ခြင်း၊ အမှိုက်၊ ကျွဲနွားတိရစ္ဆာန်များနှင့် ထိတွေ့ခြင်းမရှိစေရန် အကာအကွယ်ပြုလုပ်ပါ။

(ဂ) လက်သန့်ရှင်းရေးနှင့်ပတ်သက်၍

၁။ အစာမစားမီ၊ အိုးခွက်ပန်းကန်များမကိုင်တွယ်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပါ။
၂။ လက်ဆေးရာတွင် သန့်ရှင်းသောရေဖြင့် လောင်းဆေးပါ။
၃။ အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပါ။

(ဃ) အိုး၊ ခွက်၊ ပန်းကန်များနှင့်ပတ်သက်၍

၁။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများကို သန့်ရှင်းသောရေဖြင့် လောင်းဆေးပြီး စင်ပေါ်တွင်ထားပါ။
၂။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများအပေါ်သို့ ပိုးဟပ်၊ အိမ်မြှောင်၊ ပုရွက်ဆိတ်များနှင့် ကြွက်များ ဖြတ်ကျော်၍ ညစ်ညမ်းနိုင်သဖြင့် အစားအစာများမထည့်မီ ပြန်၍ဆေးကြောပြီးမှ အသုံးပြုပါ။

(င) အိမ်သာနှင့်ပတ်သက်၍

၁။ ယင်လုံအိမ်သာကိုသာ တစ်ရွာလုံး၊ တစ်မြို့လုံး ဆောက်လုပ်သုံးစွဲပါ။
၂။ အိမ်သာများကို သန့်ရှင်းသပ်ရပ်စွာ အမြဲသုံးစွဲပါ။
၃။ အိမ်သာအတွက် လက်ဆေးရန် ရေနှင့် ဆပ်ပြာများ အဆင်သင့်ထားရှိပါ။
၄။ အိမ်သာကို ရေတွင်းရေကန်များနှင့် ပေ ၅၀ အကွာ နိမ့်သည့်အရပ်တွင်ဆောက်လုပ်ပါ။

(စ) ဝမ်းပျက်ဝမ်းလျှောရောဂါတစ်ခုခုဖြစ်လျှင်

၁။ ကျန်းမာရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားပါ။ ထိရောက်စွာ ကုသမှုခံယူပါ။
၂။ ဝမ်းပျက်ဝမ်းလျှောရောဂါ တစ်ခုခုဖြစ်လျှင် ဓာတ်ဆားဖျော်ရည်သောက်ပါ။ မရနိုင်ပါက ထမင်းရည်၊ အုန်းရည်၊ သံပရာရည် စသည်တို့ကို များများသောက်ပါ။
၃။ လူနာ၏ အညစ်အကြေးပေကျံနေသော အဝတ်များကို အခြားအဝတ်များနှင့် မရောနှောဘဲ သီးသန့်လျှော်ဖွပ်ပါ။
၄။ လူနာပြုစုသူသည် မိမိလက်ကို စနစ်တကျ ဆပ်ပြာသုံး၍ ရေလောင်းဆေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **(၆၂)ပါးသော မိစ္ဆာဒိဋ္ဌိများ** တရားတော် (ဆရာတော် ဦးဃောသိတ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၇)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၄)
၈:၄၀ Myanmar Casual Wear Super Star Singing Contest (Part-2)
၉:၃၀ Sunday Talk (စာရေးဆရာကျော်ဦး၊ မျိုးမြတ်သူ)
၁၀:၀၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၂) (ကလေးများနှင့် ကင်ဆာရောဂါ)
၁၀:၃၀ ဗီဒီယိုပြခန်း
၁၀:၅၅ ဈေးဝယ်လမ်းညွှန် **(မြင့်မြတ်သူပိုးထည်ဆိုင်)**
၁၁:၁၅ Activities in the City (Sony's 3D World မိတ်ဆက်ပွဲအခမ်းအနား)
၁၁:၂၅ ရွှေမန်းမြေမှ ရွှေတြိဂံ (သံဆောင် Structure နှင့် ရေအားလျှပ်စစ်တာဘိုင်)
၁၁:၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၂၃)
၁၂:၀၀ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးအထက (၁)ရဲ့ အာစရိယပူဇော်ပွဲ
၁၂:၃၀ အလင်းရောင်အဖြာဖြာ မွေးနေ့ပူဇော်သဘင်မှာ
၁:၀၀ **(၆၂)ပါးသော မိစ္ဆာဒိဋ္ဌိများ** တရားတော် (ဆရာတော် ဦးဃောသိတ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ **စကားနပန်း** ကဂျီကချောင်ကျတာကောင်းတယ်၊ ကဂျီကချောင်မကျတာကောင်းတယ်
၃:၃၀ ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
၃:၄၅ **စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်းကင်ဆာစကားဝိုင်း** ဒေါက်တာ မေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ
၄:၀၀ MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၄)
၅:၀၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅:၃၅ ဂဏန်းသင်္ချာပျော်စရာ
၆:၀၀ MRTV-4 သတင်း
၆:၂၀ ပုံတောင် တောင်ကြောဆီသို့ ခရီးတစ်ခေါက်
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၈)
၇:၂၀ Myanmar Casual Wear Super Star Singing Contest (Part-3)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Kid's Show (ရွှေပြည်နန်း ကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၉:၀၀ သွားမယ်စားမယ် (MR-Moon B.B.Q)
၉:၂၅ Barclays Premier League **Man City Vs Fulham**
၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း -၁၄၅)
၁၂:၀၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် ဒီဇိုင်နာယွန်းလတ်ဖြူနှင့် တွေ့ဆုံခြင်း
၁၂:၃၀ **နွေးထွေးသောမေတ္တာအိမ်ကလေး** ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင် ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)
၁၂:၅၅ နယဉ်ဆန်းထွင် ပန်းအလှဆင် **ယပ်တောင်ပုံပန်းအိုးထိုးနည်း** (ပန်းအိုးအသေး)
၁:၂၀ 3D ကွျဲကော
၁:၃၅ **Mega Star Talk** ဇော်ဝင်းထွဋ်နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
၂:၀၅ ဓာတ်ကြွင်းအာနိသင်ကင်းစေဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၂:၂၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (May Flower Floral & Candle Light)
၂:၄၀ သန့်ရှင်းကျန်းမာသော… အာဟာရပြည့်မှုများနှင့်အတူ
၂:၅၅ **အများထဲကတစ်ယောက်** ရဲအောင်၊ စိုးမြတ်သူဇာ (ဒါရိုက်တာ-မီးပွား)
၃:၁၀ စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
၃:၃၅ **စွဲမက်ဖွယ်ရာ ရတနာ** (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)
၄:၁၀ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၄:၃၅ နံနက်ခင်းအလှ
၄:၄၅ အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီ နိဗ္ဗာန်ရည်
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	West Ham- Liverpool	ESPN(Live)
၉:၂၅	Man City - Fulham	Star Sports(Live)

ပရီမီယာလိဂ်ပွဲစဉ်(၂၈) အနိုင်အရှုံး (၂၆-၂-၂၀၁၁)

အက်စတွန်ဗီလာ	၄	-	၁	ဘလက်ဘန်း
အဲဗာတန်	၂	-	၀	ဆန်းဒါးလန်း
နယူးကာဆယ်	၁	-	၁	ဘော်လ်တန်
ဝီဂန်	၀	-	၄	မန်ယူ
ဝုလ်ဗ်	၄	-	၀	ဘလက်ပူးလ်

27-2 (11).pmd 1 2/27/2011, 1:41 AM

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ကားလင်းဖလား အာဆင်နယ်နှင့် ဘာမင်ဂမ် ဘယ်သူဆွတ်ခူးမလဲ . . . .

လန်ဒန် ဖေဖော်ဝါရီ ၂၆

ကားလင်းဖလားနောက်ဆုံးဗိုလ်လုပွဲကို လန်ဒန်မြို့ ဝင်ဘလေကွင်းမှာ ဖေဖော်ဝါရီ ၂၇ရက် (ယနေ့)မှာ အာဆင်နယ်နဲ့ ဘာမင်ဂမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ထိပ်တန်းအသင်းဖြစ်နေတာမို့ ဒီပွဲမှာ အနိုင်ရရှိဖို့ အခွင့်အလမ်းတွေ ပိုမိုဖန်တီးနိုင်မှာ သေချာပေမယ့် အဓိကကစားသမားတွေ မပါဝင်နိုင်တာကြောင့် နည်းပြအာစင်ဝင်းဂါး အခက်ကြုံနေရပါသည်။

ရှန်းကန်

အာဆင်နယ်မှာ တိုက်စစ်မှူး ဝေါကော့သ် ခြေချင်းဝတ်ဒဏ်ရာရရှိနေတာမို့ လွဲချော်နိုင်သလို အဓိကကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်လည်း ပါဝင်နိုင်ခြင်းမရှိတာမို့ ကစားကွက်အသာစီးရဖို့ ကြိုးစားရှုန်းကန်ရမှာ သေချာပါတယ်။

ကြုံတွေ့

ဒါပေမယ့် ဒီယာဘိုင်၊ လောရင့်နှင့်ဗန်ပါစီတို့ ဒဏ်ရာတွေ ရှိပေမယ့် ပါဝင်ကစားနိုင်ဖွယ်ရှိတာမို့ အာစင်ဝင်းဂါးအတွက် စိတ်သက်သာရာ ရနိုင်မှာပါပဲ။ နည်းပြ အာစင်ဝင်းဂါး**(အပေါ်ပုံ)** အစီအမံကောင်းရင်တော့ ကားလင်းဖလားကို သေချာပေါက် ပိုင်ဆိုင်ခွင့်ရရှိနိုင်ပါတယ်။

စွမ်းအားပြည့်

ဘာမင်ဂမ်အသင်းမှာတော့ အလက်ဇန္ဒားလက်ဘ်ဒူးဒဏ်ရာရရှိနေပြီး ဂျီရိုမီကလည်း ခြေချင်းဝတ်ဒဏ်ရာရရှိရာက သက်သာနေပေမယ့် ကြံ့ခိုင်မှုမပြည့်ဘဲဖြစ်နေပါတယ်။ ဂျီရာနက်ခ်က ပေါင်ကြောကြွက်သားနာကျင်မှုဖြစ်နေပြီး ရစ်ဒ်ဝဲလ်ကလည်း ခြေသလုံးကြွက်သား ဒဏ်ရာရရှိနေတာမို့ ပါဝင်ကစားကြဖို့ရှိပေမယ့် စွမ်းအားပြည့်တော့ ကစားနိုင်ဖွယ်မရှိပါဘူး။

ဒါ့အပြင် ဘန့်တလေ၊ ဒေးဗစ်၊ ဒွိုင်လီ၊ ဒန်း၊ မက်ဖာဒန်နဲ့ ဗာလက်စ်တို့လည်း ခြေထောက်ဒဏ်ရာတွေရရှိနေကြတာမို့ ဘာမင်ဂမ်အနေနဲ့ ပြိုင်ဘက်အာဆင်နယ်ကို ခြေရည်တူကစားဖို့ သိပ်မလွယ်ပါဘူး။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကတော့ ကားလင်းဖလားကို မိမိတို့ သိမ်းပိုက်နိုင်မယ်လို့ ယုံကြည်ကြောင်း ပြောကြားနေတာမို့ ဘယ်အသင်းရယူသွားမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။

(အင်တာနက်)



အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ။

မောင်မောင်မြင့်ဆွေ – ရေးသားသည်

ဂျူလီယိုအာကာအား မစ်ဒယ်ဘရော့အသင်း သက်တမ်းတိုးမည်

လန်ဒန် ဖေဖော်ဝါရီ ၂၆



မစ်ဒယ်ဘရော့အသင်း ကွင်းလယ်ကစားသမား ဂျူလီယိုအာကာကို လာမည့်နွေရာသီတွင် သက်တမ်းတိုး စာချုပ်ချုပ်ရန်အတွက် မစ်ဒယ်ဘရော့နည်းပြ တိုနီမော်ဘရေး ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အသက် ၃၀ အရွယ်ရှိ အာကာသည် မစ်ဒယ်ဘရော့အသင်းတွင် ၂၀၀၆ ခုနှစ်ကတည်းကစတင်ကာ ပွဲပေါင်း ၁၄၀ ကစားခဲ့ပြီး ခုနစ်ဂိုးသွင်းယူပေးထားသူဖြစ်သည်။ အာကာသည် ဆန်းဒါးလန်းအသင်းမှ ၂၀၀၆ ခုနှစ် ဇူလိုင်လက ပြောင်းရွှေ့ကြေး ပေါင် ၁ ဒသမ ၇၅ သန်းဖြင့် မစ်ဒယ်ဘရော့အသင်းသို့ ရောက်ရှိလာသူဖြစ်သည်။ **(ယာပုံ)**

ထို့အပြင် ပြီးခဲ့သည့် သီတင်းပတ်က မီလ်ဝေါအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် တိုက်စစ်မှူး လီယိုလီတာ ဂိုးသွင်းနိုင်အောင် အကောင်းဆုံးဖြည့်ဆည်းစွမ်းဆောင်ပေးနိုင်ခဲ့သူလည်းဖြစ်သည်။ ထို့ကြောင့် အသင်း၌ ဆက်လက်ထားရှိရန် နည်းပြတိုနီမော်ဘရေးက စီစဉ်ခြင်းဖြစ်သည်။

(အင်တာနက်)

ဘာစီလိုနာနည်းပြ ဂွါဒီယိုလာ မန်ယူနည်းပြအဖြစ် စိတ်ဝင်စားနေ

လန်ဒန် ဖေဖော်ဝါရီ ၂၆

မိမိသည် မန်ယူကဲ့သို့ ပရီမီယာလိဂ်ထိပ်တန်းကလပ်အသင်း တစ်သင်းသင်းတွင် နည်းပြတာဝန်ယူလိုသောဆန္ဒရှိကြောင်း ဘာစီလိုနာနည်းပြ ဂွါဒီယိုလာက ဖေဖော်ဝါရီ ၂၆ ရက်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော် ပြောကြားလိုက်သည်။ **(ယာပုံ)**

ပြသနိုင်ခဲ့

အသက် ၄၁ နှစ်အရွယ်ရှိ ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းအား နည်းပြအဖြစ် ပထမဆုံးတာဝန်ယူခဲ့သည့် ဘောလုံးရာသီ၌ပင် ဆုဖလားများကို ရယူပေးနိုင်ခဲ့သဖြင့် နည်းပြအရည်အချင်း၌ ထိပ်တန်းအဆင့်ရှိကြောင်း ပြသနိုင်ခဲ့သူဖြစ်သည်။

ပရီမီယာလိဂ် ထိပ်တန်းကလပ်များဖြစ်သည့် မန်ယူနှင့်ချယ်လ်ဆီးအသင်းတို့တွင် မိမိအနေဖြင့် နည်းပြတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မန်ယူနည်းပြဖာဂူဆန်အနားယူပါက နည်းပြသစ်အစားထိုးရန်အတွက် မန်ယူကလပ်တာဝန်ရှိသူများက ပစ်မှတ်ထားသည့် နည်းပြများစာရင်းတွင် ဂွါဒီယိုလာက ထိပ်ဆုံးမှပါဝင်ကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

➢ မြင့်မောင်စိုး - စုစည်းသည် ➣

နည်းပြစတီဘရုစ် ဆန်းဒါးလန်းအသင်းကို ဆက်လက်ကိုင်တွယ်မည်

လန်ဒန် ဖေဖော်ဝါရီ ၂၆

ဆန်းဒါးလန်းနည်းပြ စတီဘရုစ်အား ဆန်းဒါးလန်းကလပ်က ၂၀၁၄ ခုနှစ်အထိ စာချုပ်သစ်ထပ်မံချုပ်ဆိုလိုက်ရာ စတီဘရုစ်အနေဖြင့် ဆန်းဒါးလန်းအသင်းကို ဆက်လက်တာဝန်ယူရတော့မည်ဖြစ်သည်။

အသက် ၅၀အရွယ်ရှိ စတီဘရုစ်သည် ၂၀၀၉ ခုနှစ် ဇွန်လက ဝီဂန်အသင်းမှ ဆန်းဒါးလန်းအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ဆန်းဒါးလန်းအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားနိုင်သူဖြစ်သည်။ **(ဝဲပုံ)**

နည်းပြစတီဘရုစ်၏ စွမ်းဆောင်မှုကြောင့် လောလောဆယ် ပရီမီယာလိဂ်ဇယား၌ ဆန်းဒါးလန်းအသင်းသည် သတ္တမနေရာသို့ ရောက်ရှိနေရာ ပရီမီယာလိဂ်ဇယား၌ ၁၀ နှစ်အတွင်း အမြင့်ဆုံးရပ်တည်မှုအဆင့်ပင် ဖြစ်သည်။

ကြိုးစား

မန်ယူအသင်းနောက်ခံကစားသမားဟောင်း စတီဘရုစ်သည် ယခုအခါ ဆန်းဒါးလန်းအသင်းနှင့် သုံးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်သဖြင့် ဆန်းဒါးလန်းအသင်းအားအောင်မြင်မှုများဆက်လက်ရရှိရန် ကြိုးစားပေးသွားမည်ဟု ပြောကြားသည်။

မိမိသည် အသင်းအောင်မြင်မှုများရရှိရန် လူငယ်ကစားသမားများကို ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ အသင်းပိုင်ရှင်များနှင့် ဆွေးနွေးပြီးဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ကွင်းလယ်ကစားသမား ဗန်ဒါမေဒီ အနားယူပြီ

လန်ဒန် ဖေဖော်ဝါရီ ၂၆

အဲဗာတန်နှင့် အင်တာမီလန် ကွင်းလယ်ကစားသမား ဗန်ဒါမေဒီသည် ဘောလုံးကစားခြင်းမှ အနားယူပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်၌ ထုတ်ဖော်ပြောကြားသည်။

နယ်သာလန်နိုင်ငံသား အသက် ၃၁ နှစ် အရွယ်ရှိ ဗန်ဒါမေဒီသည် နယ်သာလန်ဘောလုံးအသင်းအတွက် ၁၈ ပွဲ ကစားပေးခဲ့သူဖြစ်သည်။ ၂၀၀၅ ခုနှစ်က အင်တာမီလန်အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူ ဖြစ်သည်။

ဗန်ဒါမေဒီသည် အဲဗာတန်အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်ပြီး ၂၀၀၉ ခုနှစ်က လီဗာပူးအသင်းကို အနိုင်ကစားကာ အဲဗာတန်အသင်းအား အက်ဖ်အေဖလားရယူပေးခဲ့ရာတွင် ပါဝင်စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ကြေးစားဘောလုံးသမားအဖြစ် အေဂျက်ဇ်အသင်း၌ စတင်ကစားခဲ့ပြီးနောက် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာမှ အဲဗာတန်အသင်း၌ ကစားပြီးနောက်ပိုင်း ယခုကဲ့သို့အနားယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အိုင်ဗရီကို့စ်မှ တီအိုတေး နယူးကာဆယ်နှင့် နှစ်ရှည်စာချုပ်

လန်ဒန် ဖေဖော်ဝါရီ ၂၆

နယူးကာဆယ် ကွင်းလယ်ကစားသမားတီအိုတေးသည် နယူးကာဆယ်အသင်းနှင့် သက်တမ်းတိုးစာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ယင်းကလပ်က ဖေဖော်ဝါရီ ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

တီအိုတေးအား လာမည့် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီအထိ ခြောက်နှစ်ခွဲစာချုပ်ကို ထပ်မံချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ ၎င်းသည် အက်ဖ်စီတွမ်တီးကလပ်မှ ပြီးခဲ့သည့်နှစ် ဩဂုတ်လက ပြောင်းရွှေ့ကြေး ပေါင် ၃ ဒသမ ၅သန်းဖြင့် နယူးကာဆယ်အသင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

သဘောကျ

အိုင်ဗရီကို့စ်နိုင်ငံသား အသက် ၂၄ နှစ်အရွယ်ရှိ တီအိုတေးအား နယူးကာဆယ်နည်းပြ အလန်ပါဒူးက ၎င်း၏ခြေစွမ်းကို သဘောကျ၍ နှစ်ရှည်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

သွင်းယူပေး

တီအိုတေးသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံး၌ အိုင်ဗရီကို့စ်အသင်းတွင် ပါဝင်ကစားသူဖြစ်ပြီး ယခုလအစောပိုင်းက အာဆင်နယ်နှင့်ကစားခဲ့သည့် လေးဂိုးစီသရေဖြစ်ခဲ့သောပွဲ၌ နယူးကာဆယ်အတွက် ဂိုးသွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်သည်။ **(အပေါ်ဝဲပုံ)** **(အင်တာနက်)**

မင်းရွာစံပြကျေးရွာ နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပမည်

ကော့ကရိတ် ဖေဖော်ဝါရီ ၂၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မင်းရွာစံပြကျေးရွာ၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဧပြီ ၄ ရက်မှ ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဇာတိချက်ကြွေ မွေးရပ်မြေနှင့် ကင်းကွာနေသော မိတ်ဆွေများအားလုံး ပါဝင်တက်ရောက်နိုင်ကြရန်နှင့် ဦးမင်းငွေထွန်း ဥက္ကဋ္ဌ နှစ်(၁၀၀)ပြည့် ပွဲတော်ကျင်းပရေးကော်မတီ၊ ကျေးရွာဥက္ကဋ္ဌ၊ မင်းရွာစံပြကျေးရွာ ကော့ကရိတ်မြို့နယ် ကရင်ပြည်နယ် ဖုန်း-၀၉-၈၇၃၁၄၂၆၊ ဦးနိုင်တင့်ခိုင် ဒုတိယဥက္ကဋ္ဌ နှစ်(၁၀၀)ပြည့် ပွဲတော်ကျင်းပရေးကော်မတီ ၁၆/ဗဟိုလမ်းကြား မရမ်းကုန်းရပ် မော်လမြိုင်မြို့ မွန်ပြည်နယ် ဖုန်း-၀၅၇-၂၂၁၉၁၊ ၀၉-၈၇၀၀၂၆၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကာကွယ်ရေးလုပ်ငန်းများ မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၂၆

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူနေထူထပ်သောရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါမဖြစ်ပွားစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၇ နာရီက မဟာအောင်မြေမြို့နယ် ၆၇ လမ်း၊၃၉ လမ်းနှင့် သစ္စာလမ်းသွယ်ကြားရှိ မဟာမြိုင်(၁)ရပ်ကွက်၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ဝဲပုံ)**

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မဟာမြိုင်(၁) ရပ်ကွက် ၃၉ လမ်းနှင့် သစ္စာလမ်းကြားရှိ ၆၇ လမ်းဘေး ဝဲ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှ လုပ်သားများက မြောင်းစာနှင့်အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းနေမှု၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက နေအိမ်များရှိ ရေတွင်း၊ ရေကန်များတွင် ပိုးလောက်လမ်းများ စစ်ဆေး၍ ပိုးလောက်လမ်းစား ငါးများထည့်သွင်းမှုနှင့် ကလိုရင်းဆေးခတ်မှု အခြေအနေ၊ ခြင်များမခိုအောင်းနိုင်စေရန် မြို့တော်စည်ပင်ကျန်းမာရေးဌာနခွဲနှင့် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့တို့မှ ခြင်ဆေးဖျန်းစက်များဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း၊ ကျန်းမာရေးဝန်ထမ်းများက ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်းနှင့် ရေအိုး၊ပန်းအိုးများ ရေလဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၀၄၀)

ဆားလင်းကြီးမြို့၌ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်အားကစားကွင်း ၌ကျင်းပရာ ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုနေ့ အခမ်းအနား ရွှေကူမြို့၌ ကျင်းပ

ရွှေကူ ဖေဖော်ဝါရီ ၂၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ မြို့နယ်အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နေပြည်သူများ တက်ရောက်ကြသည်။

ဖတ်ကြား

အဆိုပါ အခမ်းအနားတွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ရွှေကူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီ ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုပင်၌ သဲကျောက်ခင်းလမ်းသစ်ဖွင့်

ဟိုပင် ဖေဖော်ဝါရီ ၂၅

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြစိမ်းရောင်သဲကျောက်ခင်းလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် ဟိုပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးစိုးသန်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် ဟိုပင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကို၊ စည်ပင်သာယာရေးအဖွဲ့တာဝန်ခံနှင့် မြို့မိမြို့ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါကျောက်ချောလမ်းသည် အရှည် ပေ ၁၅၀၀ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် သိန်း ၂၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် တာချီလိတ်မြို့၌ဖွင့်

တာချီလိတ် ဖေဖော်ဝါရီ ၂၄

တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ် မိုင်းပါလျှိုးအုပ်စု ဝမ်လန်းကျေးရွာတွင် နိုင်ငံတော်ထောက်ပံ့ငွေနှင့် အလှူရှင်များ ပါဝင်လှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်ခဲ့သော လရိပ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံကို ခရိုင်ဥက္ကဋ္ဌ ဦးသက်လွင်၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးစိုင်းဆမ်တစ်နှင့် ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လက်ခံခဲ့

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးသက်လွင်က ဘိလပ်မြေ ၁၅ အိတ် အတွက် ငွေကျပ် ၅၂၅၀၀ ပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးရဲထူးက ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးမင်းက သုတရသစာအုပ် ၂၅၀၊ ဒုတိယဦးစီးမှူး ဦးလှငွေးက ဂျာနယ်မျိုးစုံစောင်ရေ ၁၀၀၊ ကျေးရွာ ဥက္ကဋ္ဌ ဦးအိုက်စံက ကျေးရွာမှ ထည့်ဝင်ငွေကျပ် ကိုးသိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးရန်မျိုးအောင်က အဆောက်အအုံ မြေထိန်းနံရံပြုလုပ်ရန် ကုန်ကျငွေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအင်ဂျင်နီယာ ဦးမြင့်အောင်၊ ဆန်ဆိုင်းရပ်ကွက်မှ ဦးမိုးဇော်နှင့် လက်ဖက်စိုက်ပျိုးရေးခြံ တာဝန်ခံ ဦးနေလင်းအောင်တို့က မျက်နှာကြက်အတွက် ကုန်ကျငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံခဲ့ကြသည်။ အဆိုပါ စာကြည့်တိုက်အဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေ၊ အုတ်ကာနှင့် သွပ်မိုးတစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုနေ့အခမ်းအနား ပျဉ်းမနားမြို့နယ်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်တွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ (၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်တင့်က ဖတ်ကြားပြီး အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ *(ခရိုင် ပြန်/ဆက်)*

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

လားရှိုးမြို့နယ် ကျောက်စိမ်းလမ်းအပိုင်း-၂ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ် ဖေဖော်ဝါရီ ၅ ရက်က ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြင့်ထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထားဝယ်မြို့နယ် ပုံကျွန်းလမ်း ထပ်ပိုးလွှာ ကတ္တရာခင်းခြင်းလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဖေဖော်ဝါရီ ၇ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ပျိုးဥယျာဉ်အတွင်း၌ ပျိုးပင်များပျိုးထောင်ထားရှိမှုကို ဖေဖော်ဝါရီ ၁ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းကျော်ခိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ကျောက်တိုင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သဲချောင်းကျေးလက်တံတားအကြီးစားပြင်ဆင် မွမ်းမံဆောင်ရွက်မှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဖေဖော်ဝါရီ ၁၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်နုနှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သမိုင်းဝင် ရွှေဆံတော်စေတီ ရွှေသင်္ကန်းကပ်လှူရန် တောင်ငူမြို့၌ လုပ်ငန်းညှိနှိုင်း

တောင်ငူ ဖေဖော်ဝါရီ ၂၅

တောင်ငူမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲနှင့်စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ဂေါပကရုံးခန်းမ၌ ကျင်းပရာ အဆိုပါအစည်းအဝေးတွင် တောင်ငူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမင်းထွန်းက အမှာစကားပြောကြားသည်။ဆက်လက်၍ ခရိုင်အတွင်းရေးမှူး ဦးသိန်းဆွေက အလှူခံရရှိမှု အခြေအနေနှင့် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြဆွေးနွေးသည်။ ထီးတော်တင်လှူပွဲနှင့် ရွှေသင်္ကန်းကပ်လှူရန်အတွက် စေတနာရှင်ပြည်သူများက လှူဒါန်းငွေကျပ် ၁၉၅ သိန်းကျော်၊ ထီးတော်အလှူရှင် ဦးခင်မောင်အေးက ငွေကျပ် သိန်း ၂၀၀၊ ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ကိုးသိန်းကျော်၊ မင်းနော်ရထာကုမ္ပဏီက လှူဒါန်းငွေကျပ် ငါးသိန်း၊ ရပ်ကွက်နှင့် ကျေးရွာများကလှူဒါန်းငွေကျပ် ၃၉ သိန်းကျော် လက်ခံရရှိပြီး ဖြစ်သည်။ ထီးတော်တင်လှူပွဲနှင့် ရွှေသင်္ကန်းလုံးတော်ပြည့်ကပ်လှူသည့် အခမ်းအနားများကို ဧပြီလအတွင်း အပြီးကျင်းပမည်ဖြစ်ပြီး စေတနာရှင်ပြည်သူများအနေဖြင့်ပါဝင်လှူဒါန်းလိုပါက ဂေါပကရုံး ဖုန်း-၀၅၄-၂၃၁၇၀ ထံသို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေဘိုမြို့နယ်၌ အရှည် ၈၀၉ ပေ၊ အကျယ် ၁၂ ပေရှိ မော်ခေမြင်သာကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ ရွှေဘိုမြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အမှတ်(၁)ရပ်ကွက် ရပ်မိရပ်ဖ ဦးသန်းစိန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) ကကြီးမှူးကျင်းပမည့် ငွေဆောင်အလှသဘာဝ ခေါင်းစဉ်ဖြင့် တတိယအကြိမ်မြောက် ငွေဆောင်ကမ်းခြေဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်သူ တစ်ဦးလျှင် ငါးပုံတင်သွင်းနိုင်ပြီး ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀×၁၅) လက်မ ဖြစ်ရမည်ဖြစ်ကာ ဖေဖော်ဝါရီ ၂၈ ရက်နောက်ပိုင်း ရိုက်ကူးထားသောပုံများဖြစ်ရမည်ဖြစ်သည်။ မည်သူမဆို၊ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဆုရရှိပါက ဆုရပုံ၏ မူရင်းနဂ္ဂတစ်ပုံများကို ဆုကြေညာပြီး ခုနစ်ရက်အတွင်းတင်ပြနိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဆုကြေးမှာ ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ် သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆု ၁၂ ဆုကို တစ်ဆုလျှင် ငွေကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်ရာ ပြိုင်ပွဲပုံများကို မတ် ၁၄ ရက်(တနင်္လာနေ့)ညနေ ၄ နာရီအရောက် မြန်မာနိုင်ငံဓာတ်ပုံအသင်း ၂၇/၂၉၊ ၃၅လမ်း(အောက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆၇ သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

ထန်းတပင်မြို့နယ်၌ ဂုဏ်ပြုလွှာများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဂုဏ်ပြုလွှာပေးအပ်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက်ကကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေဒိုးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ ဂုဏ်ပြုလွှာများ ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးတင့်သို့လည်းကောင်း၊မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးစိုးတင့်က ရပ်ကွက်နှင့်ကျေးရွာကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများသို့ လည်းကောင်း ဂုဏ်ပြုလွှာများကိုပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး မွေးမြူရေးခြံများ ဇီဝလုံခြုံမှု မြှင့်တင်ရေးဆွေးနွေး

တောင်ကြီး ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်နှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာသက်နိုင်မိုးတို့ ဖေဖော်ဝါရီ ၄ ရက်က တောင်ကြီးမြို့ သစ်ပင်ထောင်ကျေးရွာရှိ စီးပွားဖြစ်မွေးမြူရေးကြက်ခြံများသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ပိုင်ရှင်များနှင့်တွေ့ဆုံကာ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မိမိတို့၏ ကြက်ခြံများကို သန့်ရှင်းကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများ အသုံးပြုပက်ဖျန်းစေခြင်း စသည့် ဇီဝလုံခြုံမှု မြှင့်တင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ကွင်းဆင်းစစ်ဆေး

ထို့နောက် ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်သည် ခရိုင်ဦးစီးမှူး ဒေါက်တာနေလင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာသက်နိုင်မိုး၊ ရှမ်းရိုးမမွေးမြူရေးဇုန်တာဝန်ခံ ဒေါက်တာအောင်မင်းထွန်းတို့နှင့်အတူ ဖေဖော်ဝါရီ ၅ ရက်က ရှမ်းရိုးမမွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ ဇုန်အတွင်း ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင် ၃၅ ဦးနှင့် တွေ့ဆုံပြီး ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်စေရေးအတွက် ဇီဝလုံခြုံရေးမြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး ဇုန်အတွင်း မွေးမြူရေးခြံများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ် တီ/မွေးကု)

ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်ပြိုင်ပွဲ နတ်တလင်းမြို့နယ်၌ ကျင်းပ

နတ်တလင်း ဖေဖော်ဝါရီ ၂၅

နတ်တလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဝတ်စားဆင်ယင်ပွဲနှင့် ဂီတပဒေသာဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက နတ်တလင်းမြို့ ရွှေလင်းခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

ယင်းအခမ်းအနားသို့ သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကြည်နှင့်အဖွဲ့ဝင်များ တက်ရောက်အားပေးပြီး ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက် ပန္နက်တင်ပွဲကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကင်မွန်းချုံကျေးရွာအုပ်စု မွန်အရှေ့၌ ပါရမီ(၅)စာကြည့်တိုက်အဆောက်အအုံပန္နက်တင်ပွဲနှင့် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။ ရှေးဦးစွာ ပန္နက်တင်အခမ်းအနားကို ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်ဝင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်း၊ ရပ်မိရပ်ဖ ဦးဘမော်၊ ဦးဝင်းရွှေ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်မှ ထောက်ပံ့ငွေများကို ဦးစီးမှူးဦးတင်မောင်ဝင်းကပေးအပ်ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က လက်ခံရယူသည်။ ထို့နောက် ဗိုလ်မှူးဇော်ဝင်းထွန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖ ဦးဘမော်တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ကျေးရွာအလှူရှင်များက ငွေကျပ် ၁၇၀၀၀၀ နှင့် ဗီရိုတစ်လုံးကို ပေးအပ်လှူဒါန်းသည်။ ဆောက်လုပ်မည့် စာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေ၊ သွပ်မိုး၊ အုတ်ညှပ်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြေယာရှင်းအလှဆောင်ရွက်

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့်ဝန်ထမ်းများ ဖေဖော်ဝါရီ ၁၉ ရက်က ဒိုက်ဦးမြို့ သာသနာ့ဗိမာန်ရှေ့၌ မြေယာရှင်းအလှ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဟိုပင်မြို့စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဓမ္မစေတီလမ်း သဲကျောက်ခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကင်းမြို့နယ် ပညာရေးကောလိပ် သင်တန်းသား သင်တန်းသူများအတွက် ရန်ကင်းမြို့နယ် ရပ်ကွက်ပေါင်း ၁၆ ရပ်ကွက်မှ ဖေဖော်ဝါရီ ၆ ရက်က ဆန်အိတ်များ လှူဒါန်းရာ ရန်ကင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းအောင်က ပညာရေးကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဒေါ်အေးအေးမြင့်ထံ ဆန်အိတ်များ ပေးအပ်စဉ်။ (၀၄၃)

27-2 (16).pmd 1 2/27/2011, 1:41 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



ကမ္ဘာ့အမြန်ဆုံး နေစွမ်းအင်သုံး မော်တော်ယာဉ် စမ်းသပ်မောင်းနှင်စဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အမြန်ဆုံးမောင်းနှင်နိုင်သည့် နေစွမ်းအင်သုံး မော်တော်ယာဉ်

မောင်မောင်မြင့်ဆွေ ရေးသားသည်

ဆစ်ဒနီ ဖေဖော်ဝါရီ ၂၆

ကမ္ဘာပေါ်မှာ အမြန်ဆုံးမောင်းနှင်နိုင်တဲ့ နေစွမ်းအင်သုံး မော်တော်ယာဉ်တစ်စီးကို ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်မှာရှိတဲ့ စက်မှုတက္ကသိုလ်မှ ပညာရှင်တွေက ထုတ်လုပ်လိုက်ပြီဖြစ်ပါတယ်။

အဲဒီနေစွမ်းအင်သုံးမော်တော်ယာဉ်ဟာ တစ်နာရီကို ၈၈ ဒသမ ၈ ကီလိုမီတာ (၅၅ ဒသမ ၂ မိုင်) နှုန်း မောင်းနှင်နိုင်တာမို့ ကမ္ဘာ့စံချိန်တင် အမြန်ဆုံးမောင်းနှင်နိုင်တဲ့ နေစွမ်းအင်သုံး မော်တော်ယာဉ်ပဲဖြစ်ပါတယ်။

တီထွင်ထုတ်လုပ်

နယူးဆောက်ဝေးလ်ပြည်နယ် ဆစ်ဒနီမြို့မှာရှိတဲ့ စက်မှုတက္ကသိုလ်က စက်မှုပညာရှင်တွေနဲ့ ကျောင်းသား ကျောင်းသူတွေ စုပေါင်းပါဝင်တဲ့ အဖွဲ့က တီထွင်ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ အရင်က နေစွမ်းအင်သုံး မော်တော်ယာဉ်ရဲ့ အမြန်ဆုံးမောင်းနှင်နိုင်မှုနှုန်းဟာ တစ်နာရီ ၇၉ ကီလိုမီတာ ဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၅ ❖

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ညအပူချိန်များ ၂၆-၂-၂၀၁၁

ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၄ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၆ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၆ ဒီဂရီစင်တီဂရိတ်

27-2 (20).pmd 1 2/27/2011, 1:41 AM